
mgyoe.com



နှင်းခဝိစီးချင်း

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

မျက်နှာဖုံးပန်းချီ - တော်တီဆွေ
ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၊
ပထမအကြိမ် - ၂၀၀၀ ပြည့်နှစ်၊ ကြောင်နှစ်ကောင်စာပေတိုက်။
ထုတ်ဝေသူ
ဒေါ်သီတာမြင့်၊ စာစည်းစိမ်စာပေ(၀၂၇၈၅)၊
အမှတ် ၂၁၊ လှော်ရွေးဝင်းလမ်း၊ ၁၄ ရပ်ကွက်၊ လှိုင်မြို့နယ်။
ပုံနှိပ်သူ
ဦးစန်းဦး၊ SKCC Press(၀၀၄၁၃)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။

ရောင်းဈေး - ၂၀၀၀ ကျပ်

mgyoe.com

mgyoe.com

နှင်းခဝိဓိးချင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အခန်း [၁]
## ငါး

ကန်စွန်းပင်၊ ကနဖော့ပင်နှင့် ရေမှော်ပင်တွေကြားက စိမ်းလဲ့နေသော ရေကွက်ကလေးထဲတွင် တုတ်တုတ်မျှပင် မလှုပ်အောင် ငြိမ်သက်နေသော ဖော့တုံးကလေးကို ငေးကာ ကြည့်ရင်း လင်းခက် ပြုံးလိုက်သည်။

ထိုအပြုံးက သူငါးစာကို လာမဟပ်တဲ့ ရေထဲက လင်းခက် မမြင်ဖူးသော ငါးတစ်ကောင်ကို ပြုံးတာလား။ ဒါမှ မဟုတ်. . .သုံးရက်စလုံး တစ်ကြိမ်မှ မမြုပ်ခဲ့ဖူးသော ဖော့တုံးကလေးကို၊ မျက်တောင်မခတ်ငေးနေမိတဲ့ သူ့ကိုယ်သူပဲ ပြုံးတာလား။ အဲဒါမှမဟုတ်ဘူးဆိုရင်တော့. . .ငါးမျှားတံတစ်ချောင်း၊ စီးကရက်တစ်ဘူး၊ ပေါင်မုန့်ထောပတ်သုတ် ငါးချပ်၊

mgyoe.com

mgyoe.com

ဇစ်ပိုမီးခြစ်တစ်လုံးနှင့် ရထားသံလမ်းနံဘေးက ကန့်စွန်းခင်းကလေးသို့လာကာ ရေသန့်ဘူး ဝယ်သောက်တတ်သော ငါးတစ်ကောင်မှ မရဖူးသော. . .သူကိုကြည့်ကာ ပြုံးတတ်ကြသည့် ကျန်သောငါးများဖော်တွေကိုပဲ ပြုံးပြတာလားဆိုတာ ဘယ်သူမှ မကွဲပြားချေ။

လင်းခက် ငါးများဖြစ်သည့်ကိစ္စက. . .ဒုတိယနှစ်စာမေးပွဲဖြေထားပြီး အောင်စာရင်းမထွက်သေးခင်. . .ရှိနေသောအချိန်တို့၏ ပျင်းရိငြီးငွေ့စွာ တိုက်ခိုက်လာခြင်းကို ပြန်လည်ခုခံခြင်းသာဖြစ်သည်။ ငါး ရ. . .မရက အရေးမကြီးလှသော်လည်း ငါးများသူတို့၏ အဓိက အရသာဖြစ်သော. . .ကိုင်းတံထိပ်တွင် ဖျပ်ဖျပ်လူးနေသည့်ငါးတစ်ကောင်ကို ဆွဲတင်လိုက်သည့် အရသာမျိုးကိုတော့ လင်းခက် ရချင်ပါသည်။

သို့သော် ဖော့တုံးကလေးတုတ်တုတ်မျှ မလှုပ်။ လင်းခက်၏ (၃) ရက်မြောက် ညနေရီက အတော်စောင်းသွားပြီဖြစ်ပါသည်။ လင်းခက်နှင့် ခပ်လှမ်းလှမ်းတွင် ငါးများနေသောအသက်ခြောက်ဆယ်ခန့်ရှိသည့် ဘကြီးက နှစ်ဆယ့်ရှစ်ကောင်မြောက် ငါးကို ဖျတ်ခနဲသုတ်တင်ကာ ကျွမ်းကျင်စွာဖြုတ်ပြီး ပလိုင်းထဲထည့်နေသည်ကို လင်းခက် အားကျစွာငေးနေမိသည်။

"ဘယ်လိုလဲဟေ့. . .မနေ့ကအတိုင်းပဲလား"

ငါးအကောင်နှစ်ဆယ်ခန့်ကို ကြိုးနှင့်သီကာ ပြန်တော့

mgyoe.com

mgyoe.com

မည်ဖြစ်သော. . .ငါးမျှားဖော်တစ်ယောက်က လင်းခက်ကို ပြုံးကာ လှမ်းနှုတ်ဆက်ခြင်းဖြစ်သည်။ လင်းခက် ပြန်ပြုံးကာပြလိုက်သည်။

"ဟုတ်တယ်အစ်ကို. . .ကျွန်တော် မျှားတဲ့ငါးက ဥပုသ်စောင့်နေတယ်နဲ့တူတယ်"

ငါးစာဟပ်ပြီး ကိုင်းတံပြန်ချသော ဘကြီးကလှည့်ကာကြည့်သည်။ လင်းခက်က သူ့ငါးမျှားတံကို ပြန်ဆွဲတင်ကာ နေရာပြောင်းချဖို့ စဉ်းစားနေသည်။ ငါးတစ်ကောင်လောက်တော့ ရချင်ပါသည်။

"ဟေ့သား. . .ပြစမ်း မင်း. . .ကိုင်းတံ။ အင်း. . .မင်းကြည့်ရတာ ငါးလည်းမျှားတတ်ဟန် မတူပါဘူး။ အပျော်လာမျှားတာလား။ အား. . .ချိတ်ကို ချည်ထားတဲ့ ကြိုးကြီးကလည်း အစတွေထွက်လို့. . .တီကောင်ကလည်းပျော့စိပြီး ဗိုက်တောင်ပေါက်နေပြီ။ အင်း. . .ငါးမျှားချိတ်ကလည်း ပေါ်လို့"

"ဟား. . .ဟား. . .ဟုတ်လား အဘ. . .ကျွန်တော့်ဘာသာ လုပ်ထားတာ. . .ကျွန်တော်က ဘာမှမသိဘူး" နေလောင်ထားသော အသက်ခြောက်ဆယ်ခန့်မျက်နှာမှ ဖြူစင်သော အပြုံးတစ်ပွင့် ပွင့်ကာလာ၏။

"အင်း. . .ဘာလို့ ငါးမရသလဲမှတ်တယ်. . .ငါးမျှားတံက ဟုတ်မှမဟုတ်တာ. . .အဘတို့ကတော့ ငါးမျှားစားနေရတာကွ။ ကဲ. . .ကဲ. . .အဘပြင်ပေးမယ်. . .တီကောင်နဲ့ မမျှား

mgyoe.com

mgyoe.com

နဲ့ကွ၊ ခါချဉ်ဥနဲ့မျှား. . .။ မွေးမြူရေးက တီကောင် သိပ်မကြိုက်ဘူး. . .ခါချဉ်ဥမှ. . .”

“ဟုတ်ကဲ့အဘ. . .ကျွန်တော်က အပျော်ပါ. . .ပျင်းလို့”

ထိုဘကြီးက လင်းခက် ငါးမျှားချိတ်ကို ဖြုတ်ကာ ပြန်ချည်ပေးသည်။ ကျွမ်းကျင်လိုက်သည့် ဖြစ်ခြင်း. . .။ ထို့နောက် ခါးပိုက်ထဲတွင်ထည့်ထားသော ဝိုင်အိုလက်ပေါင်ဒါဘူးကလေး ထဲမှ ဖြူဖြူအခဲကလေးများကို ချိတ်တွင် အသေအချာတပ်ပေးသည်။ ခါချဉ်ဥဆိုတာ ဖြစ်လိမ့်မည်ထင်သည်။

“ဒါဆိုရပြီလား အဘ. . .ငါးရတော့မှာပေါ့”

“အင်း. . .မင်း အဲဒီမှာပဲ မျှားနေလို့ကတော့ တစ်သက်လုံးရမှာ မဟုတ်ဘူး၊ အဲဒီမှာ မနေ့ကဘဲ. . ကေဖြိုးတို့၊ ကိုအောင်သိန်းတို့၊ ကြွက်နီတို့ ခါချဉ်ဥပက်ပြီး မျှားသွားတာ တစ်ကန်လုံးကုန်ပြီ၊ ကျန်လည်း တစ်ကောင် နှစ်ကောင်ပဲ. . .လာ. . .အဘ့ဘက်မှာ လာမျှား. . .”

လင်းခက် သံလမ်းနံဘေးက ကန်စွန်းကန်ကလေးဆီ ရောက်သွားသည်။ ညနေရီဝင်ပြီမို့ ကားလမ်းနှင့် သံလမ်းဆုံသောနေရာကလေးမှာ လူတွေ စည်ကားစပြုနေပြီဖြစ်သည်။ ၃၈ ကားလေးဂိတ်ကိုသွားတဲ့လူတွေ. . .စံပြဈေးနှင့် ၃၉ ဒေဝူးဂိတ်ကို သွားတဲ့လူတွေ၊ အလုပ်သွား. . .အလုပ်ပြန်. . .ကျောင်းပြန် ရုံးပြန်. . .ဈေးဝယ်ထွက်သူတွေနှင့် သံလမ်းနံဘေး လမ်းဆုံကလေးက စည်ကားစပြုကာ ဆူညံနေခဲ့သည်။

mgyoe.com

mgyoe.com

ခါချဉ်ဥတွေ ဘာဘတွေနှင့် ဘကြီး ပြင်ပေးထားသော လင်းခက် ငါးမျှားတံကို ကလေးတွေက စိတ်ဝင်စားကာ ရပ်ကြည့်နေကြသည်။ ထိုကလေးတွေကို လင်းခက် တစ်ခါတစ်ရံ ရေသန့်ဘူးတို့၊ ပီကေတို့ ဝယ်ခိုင်းတတ်ကာ ပိုသောပိုက်ဆံကို ပြန်မယူဘဲ မုန့်ဖိုးပေးလေ့ရှိသည်။ ငါးရရင်၊ ငါ မယူဘူး မင်းတို့ကို ပေးမှာဟု လင်းခက်က ပြောထားသဖြင့် လင်းခက်အနားမှာကပ်နေသော ကလေးတွေလည်းဖြစ်သည်။

စနစ်တကျပြင်ဆင်ထားကာ နေရာပြောင်းထားသဖြင့် ငါးတစ်ကောင်တော့ ရနိုင်သည်ဟု မျှော်လင့်ထားရသော သူ ငါးမျှားတံမှ ဖော့ကလေးကို ရင်ခုန်စွာ ငေးနေခဲ့သည်။

နှစ်မိနစ်လောက်အကြာမှာ. . .လင်းခက်ငေးကြည့်နေသော ဖော့ကလေးက စွပ်ခနဲမြုပ်ကာဝင်သွား၏။

"မိပြီ. . .မိပြီ. . .ငါး မိပြီ"

ဝိုင်းအော်ကြသော ကလေးများအသံကြောင့် လင်းခက် ရင်တဒုန်းဒုန်းခုန်ကာ ငါးမျှားတံကို အားနှင့်ဆွဲမြှောက်လိုက်သည့်အခါ ညနေရီနေရောင်ထဲတွင် မိုက်သားဖွေးနေသော ငါးတစ်ကောင် တွေ့ရပြီး ငါးမျှားတံကို ကိုင်ထားသော လက်မှာ စီးခနဲခံစားလိုက်ရသည်။

"ဟာ. . ."

ဝမ်းသာအားရ တအားဆွဲတင်လိုက်သောကိုင်းတံအရှိန်ကြောင့် တဖျပ်ဖျပ်လူးနေသောငါးက မြောက်တက်လာပြီး

mgyoe.com

mgyoe.com

လွင့်ထွက်သွား၏။ ဘယ်ကို ရောက်သွားမှန်း လင်းခက် မသိ။

"ဟ. . .ဘယ်ရောက်သွားပြီလဲ. . .ငါ့ငါး ဘယ်ကျသွားတာလဲ"

"ဟိုဘက်ကိုလွင့်သွားတာ. . .ဟိုဘက် အစ်ကို"

"ဘယ်နားလဲကွ. . .ဘယ်မှာလဲ. . ."

"မဟုတ်ဘူးအစ်ကို. . .ဟိုအစ်မကြီးခြင်းထဲ ဝင်သွားတာ. . .ဟိုအစ်မကြီး ခြင်းထဲ"

နံဘေးများက ကလေးများ ဝိုင်းအော်ကြသည့်အတွက် လင်းခက် ဘယ်ကိုကြည့်ရမှန်း မသိ။ ကလေးတစ်ယောက် လင်းခက်လက်ကို အတင်းဆွဲကာ လက်ညှိုးထိုးပြကာ အော်သည်။

"ဟိုအစ်မကြီး အစ်ကို. . .ဆွဲခြင်းအပြာနဲ့. . .အင်္ကျီပန်းနုရောင်ဝတ်ထားတဲ့အစ်မကြီး ခြင်းတောင်းထဲကို အစ်ကို့ငါး ဝင်သွားတာ. . .မြန်မြန်လိုက်တောင်း"

လင်းခက် ကြောင်ငေးကာ ကြည့်နေမိသည်။ ကလေးတွေထိုးပြသည့် ကောင်မလေးကို လင်းခက် တွေ့ပါသည်။ ခြေလှမ်း ဆယ်လှမ်းလောက်ရောက်နေပြီဖြစ်သည်။

"ဟကောင့်. . .သေချာရဲ့လားကွ"

"ဟုတ်တယ်. . .အစ်ကိုရ. . .သူ့ခြင်းထဲဝင်သွားတာ ကျွန်တော် သေသေချာချာတွေ့တာ"

အင်္ကျီပန်းနုရောင်နှင့် ကောင်မလေးက နံဘေးမှအဖော်

mgyoe.com

mgyoe.com

နှင့် စကားပြောရင်း၊ ခပ်သွက်သွက်လျှောက်သွားသည် ဘာကိုမှ သိပုံမပေါ်။ လင်းခက် ခဏစဉ်းစားသည်။ ပထမဦးဆုံးမိသည့်ငါးကိုတော့ အလွတ်မခံနိုင်ပါ။ ကိုင်းတံကို ပစ်ချကာ ခပ်သွက်သွက်လိုက်သည်။ ကလေးတွေက "လိုက်အစ်ကို လိုက်" ဟု ဝိုင်းအော်ရင်း ကျန်ခဲ့ကြ၏။

ခြေလှမ်းငါးလှမ်းလောက်အလိုကျမှ. . .လင်းခက် ဘာလုပ်ရမှန်းမသိဖြစ်နေသည်။ သွားခေါ်ပြီး ခြင်းထဲမှာ မရှိရင် ပြဿနာ. . .။ လင်းခက်တွေဝေကာ ခဏစောင့်နေတုန်း အကျီပန်းရောင်နှင့် ကောင်မလေးက သူ့အဖော်နှင့် လမ်းခွဲကာ ၃၈ ကားလေးဂိတ်မှ ကားတစ်စီးပေါ် တက်သည်။လင်းခက်လည်း စဉ်းစားမနေတော့ဘဲ ကားပေါ် လှမ်းတက်လိုက်သည်။

လင်းခက် တွယ်လိုက်သည်နှင့် ကားလေးက စထွက်သည်။ လင်းခက်က အလယ်တန်း ရှေ့ဆုံးအပေါက်ဝတွင် နေရာရကာ ထိုင်နေသော ကောင်မလေး၏ ဆွဲခြင်းအပြာလေးကို ငုံ့ကာကြည့်ရသည်။ ကျွတ်ကျွတ်အိတ်တစ်အိတ်၊ ကော်ထမင်းဘူးတစ်ဘူး၊ ခေါက်ထီး။ ထိုစဉ်အထဲမှ တဖျပ်ဖျပ်အသံကြားရ၏။ လင်းခက် ဝမ်းသာသွားသည်။ ဟုတ်ပါသည်။ သူ့ငါးက ဆွဲခြင်းထဲမှာ ခုန်နေသည်။ ကောင်မလေးက သိဟန်မတူ. . .။ ဆွဲခြင်းကလေးကို ပေါင်ပေါ် တင်ကာထား၏။

လင်းခက် ကောင်မလေးကိုကြည့်လိုက်တော့ မျက်ခုံးမွေးက စိမ်းစိမ်းထူထူ. . .မျက်လုံးတွေက ဝင်းလဲ့ကာ ဖြူဖွေး

mgyoe.com

mgyoe.com

နေသဖြင့် မျက်ဆံနက်က ထင်းထင်းကြီး ပေါ်နေသည်။ နှာတံသွယ်သွယ်. . .နှုတ်ခမ်းပါးပါး. . .။ ညာဘက်နှုတ်ခမ်းထောင့်မှာ မှဲ့စိမ်းကလေးတစ်လုံးပါသည်။ မနက်က လိမ်းလာခဲ့ဟန်တူသော သနပ်ခါးက ပါးပြင်ပေါ်မှာ တချို့တစ်ဝက်သာကျန်တော့၏။ ဆံပင်ရှည်တွေကိုတော့ ကျစ်ဆံမြီးစည်းထားသည်။ တော်တော်ချောတဲ့ ကောင်မလေးတစ်ယောက်ပါလား. . .။

သို့သော်. . .ငါးက ဒုတိယအကြိမ် ခုန်ပြန်သည်။

"ဒီမှာ. . .ဟိုလေ အစ်မဆွဲခြင်း. . .အစ်မဆွဲခြင်း ခဏလောက်"

"ရှင်. . .ဘာလဲ"

ကောင်မလေးက နားမလည်သလို မော့ကာကြည့်ရင်း စူးလဲ့သော မျက်ဝန်းများနှင့် မေးကိုဆတ်ကာ ခပ်မာမာပြန်မေးသည်။

"ဆွဲခြင်းပါ. . .ဆွဲခြင်းထဲမှာ. . .ကျွန်တော့်ငါး ပါသွားလို့"

"ဘာ. . ."

ကောင်မလေးက နားမလည်သလို တအံ့တသြရေရွတ်သည်။ ပြီးတော့. . .ခေတ္တစဉ်းစားကာ မဲ့ပြုံးပြုံးပြီး. . .နှာခေါင်းကို ရှုံ့ကာ မျက်နှာကို ဖျတ်ခနဲ လွှဲသွားသည်။ လင်းခက် စိတ်ထဲမှာ မခံချင်ဖြစ်ကာသွားသဖြင့် အသံကို မြှင့်ကာ ဆက်ပြောသည်။

mgyoe.com

mgyoe.com

"ဒီမှာ. . .ခင်ဗျားဆွဲခြင်းထဲမှာ. . .ကျွန်တော့်ငါးဝင်သွားလို့. . .အဲဒါ ကျွန်တော့်ငါးကို ပြန်ယူမလို့ ဆွဲခြင်းခဏပေးပါ"

လင်းခက် လှမ်းဆွဲသော ဆွဲခြင်းကို ကောင်မလေးက ဆတ်ခနဲပြန်ဆွဲယူကာ အစော်ကားခံလိုက်ရသောမျက်လုံးမျိုးဖြင့် လင်းခက်ကို ပြန်ကြည့်သည်။

"ရှင်. . .ဘယ်လိုဖြစ်နေတာလဲ. . .ပါးရိုက်ခံရမယ်နော်"

"ဟ. . .ပြဿနာပဲ. . .ကျွန်တော့်ငါး ခင်ဗျားခြင်းတောင်းထဲကို ဝင်သွားလို့ပြောတာဗျ"

"ဘာငါးလဲ. . .ဘာအကြောင်းလာရိုက်နေတာလဲ. . .ရှင့်ကို ကျွန်မ မသိဘူး. . .မနှောင့်ယှက်ပါနဲ့"

ခပ်စွာစွာ ခပ်စူးစူးကောင်မလေး၏အသံကြောင့် ကားစီးလာသူများက လင်းခက်ကို ဝိုင်းကြည့်လိုက်ကြ၏။ ကောင်မလေးက မျက်နှာကိုတင်းထားကာ ဆွဲခြင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကာထား၏။ စူးရှဝင်းလဲ့နေသော မျက်ဝန်းနှင့်ဒေါသဘက်ကို ဦးတည်ထားသော နှုတ်ခမ်းများက သိပ်ကိုလိုက်ဖက်စွာ လှနေကြသည်။

"ဒီမှာ ညီလေး. . .မနှောင့်ယှက်ချင်ပါနဲ့ကွာ. . .အေးအေးဆေးဆေး နေပါစေ. . .ဟုတ်လား. . ."

ဘေးခုံမှဂင်ပြောသော အန်ကယ်ကြီးတစ်ယောက်ကို ကြည့်ကာ လင်းခက် စိတ်ညစ်သွားသည်။ ပြဿနာက မအေးတော့. . .ဒီကိစ္စကိုရအောင်ရှင်းမှကို ဖြစ်တော့မည်။

mgyoe.com

mgyoe.com

"မဟုတ်ဘူး အန်ကယ်. . .ကျွန်တော် ငါးမျှားနေတာပါ၊ ကျွန်တော့်ငါးက ကိုင်းကလွတ်ပြီး ဒီခြင်းထဲ ဝင်သွားတာ. . . အဲဒါကို ပြန်တောင်းတာပါ. . .သူ့ခြင်းထဲမှာ ကျွန်တော့်ငါး ရှိပါတယ်"

"အို. . .မဟုတ်ဘူး. . .အလကားလိုက်နှောက်တာ. . . ကျွန်မ သူ့နဲ့မသိဘူး၊ ဘာငါးမှလည်း မရှိဘူး. . .လိုက်နှောင့်ယှက်တာ. . .ရှင်နော်. . .ဘာအောက်မေ့နေသလဲ"

တင်းမာပြတ်သားသောအသံကြောင့် ကားပေါ်မှာပါသည့် အမျိုးသားများက လင်းခက်ကို စူးရဲစွာကြည့်လိုက်ကြတာကို လင်းခက် သိလိုက်သည်။

"ကဲ. . .ညီလေး. . ."

"ခဏလေး အန်ကယ်. . .သူ့ခြင်းတောင်းထဲမှာ ကြည့်လိုက်ပါ။ ငါးတစ်ကောင်မှ ရှိမနေဘူးဆိုရင် ကျွန်တော့်ကို ကြိုက်သလိုလုပ်"

အားလုံးအကြည့်က ကောင်မလေး တင်းတင်းဆုပ်ကိုင်ထားသော အပြာရောင်ခြင်းတောင်းကလေးထံ ရောက်သွားကြသည်။ ကောင်မလေးက မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် လင်းခက်ကိုကြည့်သည်။

"ကဲ. . .ညီမ. . .ကြည့်လိုက်စမ်းဟေ့. . .ညီလေး ကားကို ရပ်လိုက်စမ်း"

mgyoe.com

mgyoe.com

ကားက ထိုးရပ်သွားသည်။ ဘုရား. . .ဘုရား ခြင်းထဲမှာ ငါးမရှိလို့ကတော့ လင်းခက်ကို အားလုံးက ဆုံးမကြတော့မည် ဖြစ်သည်။

"အိုး. . .ဘာငါးမှ မရှိပါဘူး၊ သက်သက်မဲ့လုပ်တာ၊ ငါးနဲ့ဘာဆိုင်. . .ဟဲ့. . .အမလေး"

ဒေါသဖြင့် ခြင်းကိုဖွင့်ကာ ကျွတ်ကျွတ်အိတ်ကို အလှန်တစ်ချိန်လုံးငြိမ်နေတော်မူသော ကိုရွှေတီလားဗီးယား (မွေးမြူရေးငါး) က အခုမှထခုန်သဖြင့် ကောင်မလေးလန့်ကာသွား၏။ ပြီးတော့. . .လုံးဝ နားမလည်တော့သောမျက်ဝန်းများဖြင့် လင်းခက်ကိုကြည့်သည်။ ကောင်မလေး အံ့သြကာနေသည်။ လင်းခက်က ပြုံးသည်။

"ကဲ. . .အဲဒါ ကျွန်တော့်ငါးပဲ. . .ကျွန်တော် မပြောဘူးလား"

လင်းခက်က ဝမ်းသာအားရပြုံးကာ ကောင်မလေးခြင်းကို လှမ်းယူပြီး ခြင်းထဲကငါးကို ကောက်ကိုင်ကာ အားလုံးမြင်အောင် ပြလိုက်သည်။ ကောင်မလေးက လင်းခက်ကို တအံ့တသြကြည့်နေဆဲ. . .။ တွယ်ထားသူများက လင်းခက်နှင့်လက်ထဲမှ ငါးကိုကြည့်ကာ နားမလည်သလို ပြန်တက်ကာ တွယ်စီးဖို့ ပြင်ကြသည်။

"ဩော်. . .အစ်ကို၊ ငါးအစ်ကို. . .ကားခ ပေးပါဦး"

"ဗျာ. . .ကားခ. . .ကားခ ကျွန်တော့်ဆီမှာ ပါမလာဘူး၊

mgyoe.com

mgyoe.com

ကျွန်တော်က ငါးလိုက်ယူတာ. . .သူ့ဆီမှာပဲတောင်း”

စပယ်ယာကပြုံးကာ ကားပေါ်တွယ်လိုက်သည်။

“ငါးကိစ္စပြီးပြီ ဆရာရေ. . .မောင်း. . .”

ဝေါခနဲထွက်သွားသော ကားလေးကိုငေးကာ လင်းခက် ကားလမ်းမပေါ်မှာ ကျန်ရစ်ခဲ့သည်။ လက်ထဲမှ ငါးက တဖျပ်ဖျပ်လှုပ်ကာနေသေး၏။ ကားလေးက တဖြည်းဖြည်း ဝေး၍ ဝေးသွားသည်။

ကားလမ်းမပေါ်မှာ ကားလေးကိုငေးနေသော ငါးတစ်ကောင်ကိုကိုင်ထားသည့် လူတစ်ယောက်။ ပြီးတော့ သူမှတ်မိနေသည့် စူးရှဝင်းလက်သောမျက်ဝန်းတစ်စုံ. . .။

❋

mgyoe.com

mgyoe.com

အခန်း (၂)
မျက်ခွန်းနှင်းဆီ

ဒုတိယနှစ်အောင်သဖြင့် လင်းခက် ရန်ကုန်တက္ကသိုလ် ထဲ ရောက်လာသည်။

နှလုံးသားကို ရန့်တစ်မျိုးပေးတတ်သော ခုံတန်းပြာများ နှင့်. . .ရာဇဝင်ပေါင်းများစွာ. . .သစ္စာစကားများစွာကို ကြုံခဲ့ ဟန်ဖြင့် ရင့်ကျက်တည်ငြိမ်နေသော သစ်ပုတ်ပင်။ ရယ်သံ ပေါင်းများစွာသည် လေတိုက်သည့်အခါ ယိမ်းလှုပ်နေသော ကံ့ကော်ရွက်များ ဖြစ်သွားကြသည်။ အပြုံးပေါင်းများစွာသည် ရေတမာရွက် စိမ်းစိမ်းစိုစိုကလေးတွေ ဖြစ်သွားကြသည်။ ပြီး တော့. . .

ချစ်သူပေါင်းများစွာအတွက်. . .ရေတမာပင်နှင့် ကံ့

mgyoe.com

mgyoe.com

ကော်ပင်တို့က ခုံတန်းပြာကလေးတွေကို အရိပ်မိုးပေးသည်။ သူတို့ပင်စည်မှာ ထွင်းထားသည့် စကားလုံးများကိုကိုင်ကာ မတ်မတ်ရပ်နေကြသည်။ လိုင်ဗရီရှေ့က ကျောက်ခုံကလေးတွေအပေါ်မှာ ကော်ရက်ရှင်ပန်(**Correction Pen**)ဖြင့် ရေးသွားသော အမှတ်တရစာများအပေါ်တွင် သစ်ပင်ရိပ်မှ ခုန်ချလာသော နေပြောက်ကလေးတွေက မီးမောင်းထိုးပေးနေသလို ထင်ရ၏။

ချစ်ခင်ခဲ့ကြသူတို့ ပျော်ရွှင်စွာ ထွက်ခွာသွားခဲ့သည်။ လွမ်းသူတို့ သတိတရလွမ်းဆွတ်နေရဆဲဖြစ်သည့် သစ်ရိပ်၊ ဂျပ်ဆင်၊ ဘွဲ့နှင်းသဘင်နှင့် အဓိပတိလမ်းသည် အခုမှရောက်လာသော လင်းခက်ကို ငြိမ်သက်စွာ ကြိုဆိုနေခဲ့သည်။ စတိတ်ကျောင်းမှ ဗိုလ်တထောင်တက္ကသိုလ်ကို ရောက်လာတုန်းကထက် ပို၍မှူးယစ်လွယ်သော ရင်ခုန်သံနှင့် ရန်ကုန်တက္ကသိုလ်က လင်းခက်ကို ကြိုသည်။ ဘယ်နေရာကို ကြည့်လိုက်ကြည့်လိုက် ရင်ခုန်သံက ကြိုကာ ရောက်နှင့်နေ၏။ အဓိပတိလမ်းကိုလျှောက်လာကြသော ခြေလှမ်းများထဲတွင် လေးလံနေသောခြေလှမ်း တစ်ခုမှမရှိ။ လွတ်လပ်သော နှလုံးသားတိုင်း ရင်ခုန်လွယ်စွာဖြင့် လမ်းလျှောက်လာနေခဲ့သည်။

တောက်ပသော အဝတ်အစား အသစ်၊ ချိုလွင်သော ရယ်သံ၊ ငှက်ကလေးတွေ ခုန်ဆွခုန်ဆွလုပ်သလို လွင့်ပျံ့ကာ တိုးထွက်လာတတ်သော စကားသံ. . .။ ရွှင်မြူးဝင်းပနေသော

mgyoe.com

mgyoe.com

အပြုံးများ. . .။ ကျယ်ဝန်းသော လွတ်လပ်ခြင်းနှင့် အသံထွက်နေသော ပျော်ရွှင်မှုများနှင့် ရန်ကုန်တက္ကသိုလ်ကို ငြိမ်ငြိမ်ကလေး ထိုင်ငေးနေရုံနှင့်ပင် ရင်ခုန်လွယ်နိုင်ပါသည်။

ကျောင်းဖွင့်စရက်များ၏ ထုံးစံအတိုင်း လင်းခက်တို့အတန်းမတက်ကြ၊ သစ်ရိပ်အောက်မှာ ထိုင်သည်။ လိုင်ဗရီရှေ့တွင် ငေးသည်။ ဂျပ်စင်အောက်မှာ စောင့်ကြည့်သည်။ နွယ်ဦးက. . ."အဲဒီလို အနယ်နယ်အရပ်ရပ်က မိန်းကလေးတွေ. . . စိတ်ကူးအမျိုးမျိုးနဲ့ ပြင်ဆင်ခြယ်သလာတာကို ကြည့်ဖို့ ဒုတိယနှစ်ကို အောင်အောင် မနည်းကြိုးစားလာခဲ့ရတာကွ" ဟု ကြုံးဝါးသည်။ ကိုဦးဆွေက. . .ကျပ်တန်အသစ်ကလေးကို ချွန်၍ သွားကြားထိုးကာ ပြုံးပြုံး ပြုံးပြုံးနှင့် လျှောက်ငေးကာနေ၏။ လင်းခက်ကတော့ မိုက်ဆာနေပြီ ဖြစ်ပါသည်။

"ဟော့ကောင်တွေ ကင်တင်းသွားရအောင်ကွာ. . .ဆာပြီကွ"

"ဟာကွာ. . .လင်းခက်ကလည်း. . .ဒီမှာလှနေတုန်းကွ၊ ငါ တစ်ခုသိရပြီ သိလား၊ ဟော့ကောင် ကိုဦးဆွေနားထောင်. . လက်မောင်းတုတ်တဲ့ကောင်မလေးတွေက အင်္ကျီလက်ရှည်ဝတ်လေ့ရှိပြီး၊ လက်မောင်းသေးသေး ကောင်မလေးတွေက အင်္ကျီလက်ပြတ် ဝတ်လေ့ရှိတာပဲကွ၊ အဲ့ဒါကို ငါ. . .အသေအချာသိပြီ"

"အေး. . .အဲဒါ ငါမသိဘူး နွယ်ဦး. . .သေချာတာ ကိုယ့်

mgyoe.com

mgyoe.com

လုံး အဲ. . .တင်ပါးလုံးပေါ့ကွာ၊ အဲဒါရှိတဲ့ မိန်းကလေးတွေက အင်္ကျီခါးတိုဝတ်ပြီး၊ မရှိတဲ့မိန်းကလေးတွေက ယောက်ျားလေး ရှပ်အင်္ကျီတွေ ဝတ်တာတော့ သေချာတယ်ကွ"

"ကဲ. . .ငါဗိုက်ဆာနေပြီကွာ. . ."

"ဟာကွာ. . .လင်းခက်ကလည်း ဒီမှာ မိုက်နေတာကွ"

"ကဲပါကွာ. . .ကင်တင်းမှာလည်း မိန်းကလေးတွေရှိပါတယ်၊ ပါးစပ်ပြဲတဲ့မိန်းကလေးတွေက ဘာစားပြီး၊ ပါးစပ်မပြဲတဲ့ မိန်းကလေးတွေက ဘာစားလဲ ဆက်လေ့လာကွာ. .ငါ ဆာနေပြီ"

လိုင်ဗရီအနောက်ဘက်က သိပ္ပံကင်တင်းဘက် လင်းခက်တို့အားလုံး ပထဝီဌာနအနောက်ဘက်က အီကိုကင်တင်းနှင့် ဆက်နေသော မြက္ကျွန်းသာကဖီးကို ရွေးလိုက်ကြသည်။ မြက္ကျွန်းသာက ပို၍ရှည်လျားသည်။ ထိုင်စရာနေရာ ကျယ်သည်။ သစ်ပင်အုပ်နှင့် စိမ်းစိမ်းစိုစိုရှိသည်။ ပထဝီဝင်ဌာနနှင့် ဆက်နေသော လူသွားလမ်းပေါင်းမိုးကလေးမှာလည်း ထိုင်၍ရသည်။ မြက္ကျွန်းသာနံဘေးက ကုက္ကိုပင်ရိပ်အောက်မှာလည်း ရသည်။

လင်းခက်တို့ရောက်သွားကြတော့ ကင်တင်းက ဆူညံလျက်ရှိသည်။ နံဘေး အဆောင်ထဲကရေစင်ကြီးက ရေတွေလျှံကျလျက်။ စားပွဲထိုးကလေးတွေက ပြေးလွှားနေကြသည်။ ညော်နံ့က တသင်းသင်း၊ လက်ဖက်ရည်အော်မှာသံ၊ ထမင်း

mgyoe.com

mgyoe.com

ပေါင်းမှာသံ၊ အချဉ်ရေတောင်းသံ၊ စီးကရက်မှာသံ၊ စကားသံ၊ ရယ်သံ၊ လှမ်းခေါ်သံ၊ 'စသံ နောက်သံတို့ဖြင့် ဆူညံပွက်ထလျက်. . .အရောင်အသွေး ပေါင်းစုံတို့သည် ယိမ်းလိုက်လှုပ်လိုက်၊ ထိုင်လိုက် ထလိုက်နှင့် ရွှေလျားလျက် ချစ်သူများကတစ်ယောက်နှင့်တစ်ယောက် ခွဲ့ကျွေးနေကြသည်။ လက်ချင်းဆုပ်ကာ ထိုင်စရာခုံ ရှာနေကြသည်။ လူများလွန်းသဖြင့် စားပွဲထိုးကလေးတွေက ရွဲစောင်းနေသော စားပွဲနှင့် ခြေထောက်တစ်ဖက်မပါသော ထိုင်ခုံတွေကိုပင်ထုတ်ကာ နေသားတကျစီစဉ်ပေးရသည်။ အရွယ်တူ. . .ရင်ခုန်သံတူ. . .ပျော်ရွှင်မှုတူသည့် လူငယ်များစွာ လွတ်လပ်ခြင်း၊ ပျော်ရွှင်ခြင်းတို့၏အရှိန်ထဲတွင် အဆီးအတားမဲ့ မျောပါနေကြသော ကမ္ဘာဟုထင်ရသည်။ လှပသော အဝတ်အစားများ၊ သွက်လက်သောလှုပ်ရှားမှုများ. . .ပျော်ရွှင်နေသော အပြုံးများ၊ ရွှင်မြူးနေသည့်အသံများနှင့် ပျော်ရွှင်ပွဲတစ်ခုကို ကျင်းပနေရသလားဟုပင်ထင်ရသော ရန်ကုန်တက္ကသိုလ်၏ ကင်တင်းထဲသို့ လင်းခက်တို့ သွက်လက်စွာ ရောက်ရှိလာကြသည်။

အချိန်က ဆယ့်တစ်နာရီ. . .အားလုံးဗိုက်ဆာနေကြသည့်အချိန်ဖြစ်သဖြင့် ကင်တင်းမှာ လူပြည့်ကာ နေသည်။ လင်းခက်တို့ပင် ထိုင်စရာခုံမရ။ ခဏရပ်ကာ လူထမည့်ဝိုင်းကိုရှာရသည်။ နောက်ဆုံးမှ လူသွားပေါင်းမိုးကလေး နံဘေးကျောက်တိုင်ကလေးတွေနှင့် ကပ်နေသည့် စားပွဲခုံပုကလေး

mgyoe.com

mgyoe.com

မှာ နေရာရသည်။ သို့သော် အခြေအနေက မကောင်း ခုံသုံးလုံးမှာ (၂) လုံးသာကောင်းပြီး တစ်လုံးက ခြေထောက်တစ်ဖက်မရှိ. . . အောက်မှာ အုတ်ခဲကို ခုကာထားသည်။

"ကဲ. . .ရှိတာပဲထိုင်ကွာ့. . .တစ်ဝိုင်းဝိုင်းထဲမှ ခုံချင်းလဲကြတာပေါ့"

လင်းခက်က ဗိုက်ဆာနေပြီဖြစ်သဖြင့် ထိုဝိုင်းကိုပဲရွေးချယ်ကာ အုတ်ခဲခုထားသောထိုင်ခုံကို သူပဲ ရွေးထိုင်လိုက်သည်။ နွယ်ဦးနဲ့ ကိုဦးဆွေကတော့ အစားအသောက်စားနေသည့် ကောင်မလေးတွေကို လေ့လာသည်။ ထမင်းပေါင်းသုံးပွဲ၊ လက်ဖက်ရည်သုံးခွက်ကို မှာသည်။

ဘေးဘက်က စကားတစ်ခွန်းပြော. . .တစ်ခါဝါးခနဲရယ်ကြသော မိန်းကလေးတွေကို လှည့်လှည့်ကြည့်ရ၏။ နွယ်ဦးက လင်းခက်နောက်ကျောဘက်က သံပုရာရည်တစ်ခွက်ကို ပိုက်နှစ်ချောင်းတပ်ကာ နဖူးချင်းတိုက်စုပ်နေကြသော အတွဲကိုကြည့်ကာ တံတွေးကိုမျိုချသည်။ ပီကေဝါးကာ တဖောက်ဖောက်လုပ်နေကြသော နားဆွဲခပ်ကြီးကြီးနှင့် ကောင်မလေးတွေကိုလည်း အလွတ်မပေး၊ အအေးပိုက်ကို လိမ်ကာတဖျောင်းဖျောင်းဖောက်နေကြသော ကောင်မလေးတွေကိုလည်း မလစ်စေရ၊ ဝိုင်းမှထခါနီး မှန်အဝိုင်းကလေးထုတ်ကာ နှုတ်ခမ်းနီ ပြန်ဆိုးနေသော ကောင်မလေးတွေကိုလည်း တာဝန်မပျက်ကြ။

mgyoe.com

mgyoe.com

"အင်း. . .ငါ့ထမင်းပေါင်းထဲမှာပါလာတဲ့ ငုံးဥကို ဟော သလို ခက်ရင်းနဲ့ထိုးပြီး ခွဲ့ကျွေးဖို့ ပါးစပ်ပြဲပြဲ ကောင်မလေး တစ်ယောက်ကိုတော့ ရှာဦးမှပဲ"

"လိုက်မေးပေါ့ကွ. . .ကျွှင်မလေးတွေတွေ့ရင် ငါ့ဥ ဘယ်သူစားမလဲလို့"

"ခွီးပဲ. . .နားရင်းရိုက်ခံရမယ့်ကိစ္စ၊ အဲဒါထက်စာရင် နွယ်ဦး ပန်းကန်ထဲတွင်ပါသော ငုံးဥကိုစားရန် ကောင်မလေး တစ်ဦးအလိုရှိသည်လို့ နို့တစ်ဘုတ်မှာ ကြော်ငြာကပ်တာကမှ တော်ဦးမယ်"

"ကဲပါကွာ. . .နောက်နောင် မင်းပန်းကန်ထဲမှာပါလာ မယ့် ငုံးဥတွေ ကံကောင်းပါစေ၊ ကဲ. . စားပြီးဟော့ ဆာနေပြီကွ"

ဗိုက်ပြည့်သွားတော့. . .လက်ဖက်ရည်ချိုကျကလေးကို တစ်ငုံစီစုပ်ကာ အရသာခံရင်း ဆေးပေါ့လိပ်သောက်ကြသည်။ ကင်းတင်းထဲကို ဝင်လာသူတွေက မစဲ. . .၊ ထိုင်ပြီးသူငဲတွေက တော်တော်နှင့် မထကြသဖြင့်. . .ခုံမလောက်သည့်ဒုက္ခကို နောက်ကျသူတွေ ခံရသည်။ ကောင်မလေးတွေက အလိုမကျ သောမျက်နှာဖြင့် ကင်တင်းရှေ့တွင်ရပ်ကာ ပါလာသည့် ကောင်လေးတွေက ဟိုပြေး. . .ဒီလျှောက်နှင့် ထိုင်ခုံအလွတ် ကို ရှာပေးကြသည်။ ယောက်ျားတို့တတ်အပ်သော ပညာတွင် စနစ်တကျဂရုစိုက်ခြင်းလည်း ပါရမည်ဖြစ်သည်။

လျှောက်ငေးရင်း ထိုင်ခုံမရသဖြင့် မတ်တတ်ရပ်နေကြ

mgyoe.com

mgyoe.com

သော သက်သက်စံကို လင်းခက်တွေ့သွားသည်။ သက်သက်စံက နဂိုကချွန်သော နှုတ်ခမ်းကို ပို၍စူကာ ခုံလျှောက်ရှာနေ၏။ သက်သက်စံက ပထဝီမေဂျာမှုဖြစ်သည်။ ဗိုလ်တထောင်ကျောင်းမှာတုန်းက လင်းခက်တို့ ရက္ခဗေဒအခန်းနှင့် ပထဝီခန်းက ကပ်လျက်မို့ ခင်နေကြခြင်းဖြစ်၏။

"ဟေ့. . .သက်စံ. . .နင်တို့ ခုံရှာနေတာလား၊ လာ. .လာ ငါတို့ထတော့မှာ"

"ဟယ်. . .လင်းခက်. .အေးဟာ. .လုပ်ပါဦးဟ နေရာက ပြည့်နေတာ"

"ဟာကွာ. . .လင်းခက်ကလည်း ဒီမှာကောင်းနေတုန်းရှိသေးတာ"

"လုပ်မနေနဲ့. . .ကိုဦးဆွေ၊ ၁၁ း ၄၅ မှာ မေဂျာတစ်ချိန်ရှိတယ်။ တစ်ချိန်မှုလည်း တက်ရသေးတာမဟုတ်ဘဲနဲ့. . . အတန်းတော့ တက်ဦးမှ. . .လာ သက်စံ. . .လာ. . ."

"ပိုက်ဆံတော့ ရှင်းသွားကြဦးနော်"

သက်သက်စံက ရယ်မောကာပြောရင်း သူတို့ခုံအနားမှာ လာရပ်သည်။ လင်းခက်ပိုက်ဆံရှင်းဖို့ စားပွဲထိုးကို ခေါ်သည်။ ကိုဦးဆွေက မကျေမနပ်ထသည်။ သက်စံက သွက်လက်စွာ ဝင်ထိုင်၏။ "ကဲ. . .လာကြ ဒီကောင်တွေ ပြီးပြီတဲ့"၊ သူ့သူငယ်ချင်းများကို လှမ်းကာခေါ်၏။ လင်းခက်ပိုက်ဆံရှင်းပြီးအထမှာ သူ့ခုံကို ဝင်ထိုင်ရန်လာရပ်သော ကောင်မလေးကို

mgyoe.com

mgyoe.com

တွေ့ရတော့ လှိုက်ခနဲ ရင်ခုန်ကာသွား၏။

ငါး. .။ စူးရှသောမျက်ဝန်း. . .၊ ပါးလျှ၍ မာနအပြည့်ပါသော နှုတ်ခမ်းချွန်ချွန်. . .။ ကောင်မလေးက ဖျတ်ခနဲမျက်နှာကိုလွှဲကာ. . .လင်းခက်ခုံမှာ ဝင်ထိုင်သည်။ လင်းခက်. . .ဘာလုပ်ရမှန်းမသိဘဲ ခဏရပ်နေပြီးမှ ဘာမှလုပ်မရသဖြင့် လှည့်ကာထွက်ရသည်။

ထိုစဉ်မှာပင်. . .ထိတ်လန့်တကြားအော်သံ စူးစူးကို. . ကြားရ၏။

လင်းခက်လှည့်ကြည့်တော့ မြင်မကောင်း. .ရှုမကောင်း ကောင်မလေးက မြေပေါ်မှာလဲကာနေသည်။ သူ့ထိုင်ခုံက နံဘေးမှာ ထောင်ကာနေ၏။ အုတ်နီခဲက တုံးလုံးလဲနေသည်။

"ရှင်. . .ရှင်. . .ဒါ. . .သက်. . .သက်. . .သက်လုပ်တာမဟုတ်လား"

"ဟာ. . .မဟုတ်ဘူးဗျ. . .ဟာ. . ဆောရီး"

ထိတ်လန့်တကြား ဆွဲထူရန်ထိုင်ချလိုက်သော လင်းခက်ရင်ဘတ်ကို ကောင်မလေးက အားနှင့် ပစ်တွန်းလိုက်သဖြင့် လင်းခက် ဖင်ထိုင်လျက် လဲသွားသည်။ ကင်တင်း တစ်ခုလုံး တဝေါဝေါမြည်နေသောအသံများ တိတ်ဆိတ်ကာ လင်းခက်နှင့် ကောင်မလေးကို ဝိုင်းကြည့်ကြသည်။ နှစ်ယောက်စလုံး မြေကြီးပေါ်မှာ. . .တစ်ယောက်က ပက်လက် ကောင်မလေးက ဘေးတစောင်းလဲလျက်. . .။

mgyoe.com

mgyoe.com

လင်းခက် မွန်ထူကာ ရုက်ရုက်နှင့် ကြုံးထသည်။ မြေကြီးပေါ် မှာ ပုံလျက်ကျနေသော လွယ်အိတ်ကို တက်နင်းကာ ထပ်လဲပြန်၏။ ကောင်မလေးကို သက်သက်စံက ဆွဲထူပြီး လင်းခက်ကို နွယ်ဦးက ပြေးကာထူသည်။

"မဟုတ်ဘူး. . .ကျွန်တော် သတိပေးဖို့မေ့သွားတာ၊ တမင်လုပ်တာ မဟုတ်ဘူး"

"ဘာမဟုတ်ဘူးလဲ. . .နင် ငါ့ကို သက်သက်အရှက်ခွဲတာ. . .နင့်လုပ်တာ နှစ်ခါရှိပြီ. . ."

ကောင်မလေး၏ တင်းမာစူးရှသော မျက်ဝန်းနှင့်၊ အံ့သြခြင်း၊ တောင်းပန်ခြင်းတို့ဖြင့် ရှိနေသော လင်းခက်မျက်ဝန်းတို့ တည့်တည့်ဆုံကြသည်။

"ဟယ်. . .နင်းဆီ. . .နှင်းဆီရယ်. . .တမင်လုပ်တာတော့ မဟုတ်နိုင်ပါဘူး. . .မတော်တဆနေမှာပါ။ လင်းခက် ငါ တောင်းပန်ပါတယ်ဟာ. . ."

သူ့ကိုမလွှဲတမ်းစိုက်ကြည့်နေသော မျက်ဝန်းစူးရှရှများကို လင်းခက်ကပဲ မျက်နှာလွှဲလိုက်ပါသည်။

"ရပါတယ်. . .သက်စံ၊ ငါတောင်းပန်ပါတယ်. . .သွားမယ်"

သို့သော်. . .လင်းခက်မျက်နှာလွှဲခဲ့သော မျက်ဝန်းများကို. . .။

mgyoe.com

mgyoe.com

ဖြစ်နိုင်လျှင် ဆက်တောင်မထိုင်ချင်တော့၊ ဘာမှမစားဘဲ အတန်းထဲကိုပဲ ပြန်သွားချင်သည်။

ရင်ထဲက ဒေါသအရှိန်က မကျသေးသဖြင့် နှုတ်ခမ်းတွေကို လျှော့ချပစ်၍မရ။ စိမ်းမှောင်သော မျက်ခုံးထူထူ၊ စူးရဲတောက်ပဖြူဖွေးနေသည့် မျက်ဝန်းတို့အောက်မှာ တင်းတင်းစေ့ထားသော နှုတ်ခမ်းများကြောင့် နှင်းဆီ၏မျက်နှာက ကြောက်စရာကောင်းနေလိမ့်မည်။ ဓားအိမ်မှ ချွတ်ပြီးစ ဓားမြောင်တစ်ချောင်း၏ ငြိမ်သက်တိတ်ဆိတ်စွာ အေးစက်ဝင်းပစွာ ကြောက်စရာကောင်းပုံမျိုး ဖြစ်သည်။

နှင်းဆီမှတ်မိသလောက်တော့ အခု အသက်ဆယ့်ကိုးနှစ်အထိ၊ လူရှေ့သူရှေ့မှာ တစ်ခါမှ အရှက်မကွဲခဲ့ဘူး။ မာကျောစူးရှသောအကြည့်နှင့် ဘာကိုမှ ဂရုမစိုက်ဘတ်သော သူမအကျင့်ကြောင့် သူမကို အရှက်ခွဲရသည့် လူတစ်ယောက်မှမရှိ။ နှင်းဆီကို သဘောကျပါသည်ဆိုသော ယောကျ်ားလေးများက နှင်းဆီကို အရင်ကြောက်ကြရသည်က များသည်။ နင် အဲဒီလို

mgyoe.com

mgyoe.com

နေရင် ဘယ်တော့မှ ရည်းစားရမှာမဟုတ်ဘူး. . .ဟု သူငယ်ချင်းများက သတိပေးတတ်ကြသည်။ ကိုယ်က မှန်အောင်နေပြီး ဘယ်သူ့ကိုမှ အောက်မကျို့တတ်သည့် မွေးကတည်းက ပါလာသော ဗီဇပေါ်တွင် ဆင်းရဲခြင်းက ဒုက္ခတစ်ခုလို နှိပ်စက်ခဲ့သည့်အတွက် ဒီလောက်မာကြော်ကာ သည်းမခံတတ်သော ညာဉ်ကို ရခဲ့ပုံပေါ်သည်။

သို့သော်. . .နှင်းဆီမာနက လူတိုင်းကို လျှော့်တိုက်ခိုက်နေသည့်မာနမျိုးတော့ မဟုတ်၊ ကိုယ့်ဘဝကလေးထဲကို ဝင်လာမည့် စော်ကားမှုမှန်သမျှကို တစ်ခုမှ ဂရုမစိုက်ဘဲ ရင်ဆိုင်စောင့် မျှော်နေရသည့် မာနမျိုးသာဖြစ်သည်။

“နှင်းဆီ. . .ဘာစားမလဲ. . .”

ကြုံခဲ့ရသည့် ပြဿနာနှင့် နှင်းဆီ၏မျက်နှာကြောင့် လေသံကိုလျှော့ကာမေးသော သက်သက်စံကို အားနာကာ နှင်းဆီ. . .သက်ပြင်းကိုချရင်း စိတ်ကိုရအောင် လျှော့လိုက်ရသည်။ သူမက သက်သက်စံတို့နှင့် သိပ်အရင်းနှီးကြီး မဟုတ်သေး။ တတိယနှစ်ရှန်ကုန်တက္ကသိုလ်ထဲကိုရောက်မှ ထိုင်ခုံတစ်ခုံတည်းမှာ အတူထိုင်ဖြစ်သောကြောင့် ရင်းနှီးသွားခြင်းသာဖြစ်သည်။ ဒီကောင်ကတော့ သက်သက်စံတို့နှင့် တော်တော် ရင်းနှီးပုံရပါသည်။

“မုန့်ဟင်းခါးပဲ. . .ဘာကြော်မှ မထည့်ဘူး”

သက်သက်စံက ခေါင်းကိုညိတ်ကာ စားပွဲထိုးကလေး

mgyoe.com

mgyoe.com

ကို သွက်သွက်မှာသည်။ လှည့်ထွက်တော့မည် ဟန်ပြင်သော စားပွဲထိုးကလေးကို နှင်းဆီက ခုံတစ်လုံးရလျှင် ရှာလာပေးဖို့ ပြောရသည်။

"နှင်းဆီရယ်. . .ဒီကောင် တမင်လုပ်တာတော့ ဟုတ်မယ်မထင်ပါဘူး၊ လင်းခက်က အဲဒီလို စ,တတ် နောက်တတ်တဲ့ကောင် မဟုတ်ဘူး"

"နှင်းဆီ သက်ကိုတောင်းပန်ပါတယ်၊ ဒါပေမဲ့ တမင်လုပ်တာပါ၊ အဲဒါသေချာတယ်။ ဒီကောင်လုပ်တာ နှစ်ခါရှိသွားပြီ"

နှင်းဆီစကားကြောင့် သက်စံတို့ အံ့သြကာသွား၏။ ညိုညိုက မျက်မှောင်ကိုကုတ်သည်။

"နှင်းဆီက လင်းခက်နဲ့ ပြဿနာဖြစ်ဖူးသေးလို့လား"

"ဟုတ်တယ်ညို. . .ဒီမှာတော့မဟုတ်ဘူး. . .ကျောင်းတွေမဖွင့်ခင်က. . .အဲဒီကောင်က နှင်းဆီ ဆွဲခြင်းထဲကို ငါးတစ်ကောင်ထည့်ပြီး အရှက်ခွဲဖူးတယ်"

နှင်းဆီက ပထမကြုံခဲ့ရသည့်ကိစ္စကို အားလုံးပြောပြလိုက်တော့ သက်စံနှင့်ညို တအံ့တသြ နားထောင်ကြသည်။ အဲဒီတုန်းက နွေကျောင်းပိတ်ရက် အိမ်က စီးပွားရေးအရ နှင်းဆီ ငမိုးရိပ်ရပ်ကွက်ထဲက ဖယောင်းစက်တစ်စက်မှာ ဝင်အလုပ် လုပ်ရသည်။ ဖယောင်းစက်မှအပြန် ညနေခင်းတစ်ခုမှာ ကြုံခဲ့ရသောကိစ္စ၊ သူမဘဝမှာ ပထဦးဆုံး အရှက်ကွဲခဲ့ဖူး

mgyoe.com

mgyoe.com

သည့်ကိစ္စကို မေ့မရ။ ဘယ်နှယ့် နှင်းဆီဆွဲခြင်းထဲမှာ ငါးတစ်ကောင်ရောက်နေရတာလဲ. . .။ ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်၊ နှင်းဆီ ဆွဲခြင်းထဲကို ငါးထည့်ပြီး တမင်အရှက်ခွဲတာပဲ ဖြစ်ရမည်။ သို့သော်. . .နောက်နေ့တွေမှာတော့ အဲဒီကောင်ကို ထပ်မတွေ့ခဲ့။

"ဪ. . .နှင်းဆီတို့က ဆုံဖူးပြီးသားကို. . .ဒါဆိုရင်တော့ သက်လည်း မပြောတတ်တော့ဘူး"

"နှင်းဆီလည်း တောင်းပန်ပါတယ်၊ အဲဒီကောင်ကိုတော့ မဟုတ်ဘူးနော်. . .သက်တို့ ညီတို့ကိုပြောတာ၊ တခြားလူဆိုရင်. . .နှင်းဆီ အမှတ်တမဲ့လို့ ထင်ဦးမှာ၊ ဒီကောင်ဆိုတော့ နှင်းဆီလည်း ဒေါသက ထိန်းမရဘူး၊ နောက်တွေ့ရင် ပြောလိုက်ပါ နှင်းဆီက သိပ်သည်းခံတတ်တဲ့ မိန်းကလေး မဟုတ်ဘူးလို့"

အစားအစာများ ရောက်လာသဖြင့် နှင်းဆီအခုမှ လက်ဖဝါးမှာကပ်နေသော သဲများကိုခါရသည်။ ဗိုက်ဆာနေသော်လည်း စား၍မကောင်းတော့၊ ဒေါသဖြစ်ပြီးလျှင် နှင်းဆီဘာကိုမှ ကောင်းကောင်း လုပ်မရတော့။ မေမေကတော့ နှင်းဆီကို အမြဲဆုံးမတတ်သည်။ ပုထုဇဉ်တွေမှာရှိတဲ့မာနဆိုတာ ဘယ်တော့မှ မမှန်ဘူးတဲ့။ ငါမှန်တယ်ဆိုတဲ့ အမှန်တရားကတောင်မှ လုံးဝမှားနေတတ်တယ်ရှာ့ဲ။ ဒါပေမဲ့. . .နှင်းဆီက အသက် ၂၀ အရွယ်မှာ ဆင်းရဲခြင်းနဲ့ စိတ်ဓာတ်ကျနေတဲ့ မိန်းမတစ်

mgyoe.com

mgyoe.com

ယောက်မဟုတ်. . .မာနကသာ သူမကို စောင့်ရှောင့်နိုင်သည်ဟု ယူဆသည်။

မပြည့်စုံခြင်းကိုလည်း ထိုမာနနှင့်ပင် ခုခံရသည်။ ဘဝကပေးသည့် လှပကြော့ရှင်းသောခန္ဓာကိုယ်နှင့် စူးရဲသောအလှကိုလည်း ထိုမာနနှင့်ပင် ကာကွယ်ရသည်။ မွန်းကြပ်ပြီး လဲကျသွားမတတ် ခံစားရလေ့ရှိသော ဆင်းရဲမှုကိုလည်း ထိုမာနနှင့်ပင် ခုခံခဲ့ရသည်။ ထိုမာနနှင့်ပင် သူမ ဖယောင်းစက်မှာလုပ်သည်။ ကျောင်းကပြန်လာလျှင် အင်္ကျီကြယ်သီးတပ်သည်။ အမွှေးတိုင်လိပ်သည်။ ဆီးထုတ် ထုတ်သည်။ နားရွက်က ရွှေမရှိတော့သော နားပေါက်ကိုလည်းကောင်း၊ အရောင်အသွေးစုံကာ သူထက်ငါ လှအောင်နေကြသည့် ရန်ကုန်တက္ကသိုလ်ကို အင်္ကျီငါးထည်တည်းနှင့် ရင်ဆိုင်ရဲအောင်သော်လည်းကောင်း၊ ဘောလ်ပင် မင်ကုန်သွားသည့်အခါ ရှတ်တရက်နောက်တစ်ချောင်း ထပ်မဝယ်နိုင်သော နေ့ရက်များကိုလည်းကောင်း၊ လက်တွေ့ခန်းမှာ ရုတ်တရက် ကြုံရတတ်သည့် ဂရပ်စာရွက်ဝယ်ရန်၊ မြေပုံစာရွက်ဝယ်ရန်၊ လက်ချာစာရွက်ဝယ်ရန် ပိုက်ဆံမရှိသောနေ့ရက်များကိုလည်း ကောင်း၊ ထိုမာနနှင့်ပင် ရင်ဆိုင်ခဲ့ရသည်။ အခု တတိယနှစ်တက်ဖို့အတွက်ကိုတောင်မှ သူမကျောင်းပိတ်သည့် နှစ်လစလုံး ဖယောင်းတိုင်စက်မှာ အလုပ်လုပ်ခဲ့ရသည် မဟုတ်လား။ ဒုတိယနှစ် အောင်တုန်းက မေဂျာနှစ်ခု ဂုဏ်ထူးပါသော်လည်း ဂုဏ်ထူးတန်းကို ငွေ

mgyoe.com

mgyoe.com

အကုန်များမည်ဆိုသဖြင့် မတက်ဘဲနေခဲ့ရသည် မဟုတ်လား။ လုပ်သားကောလိပ်ကိုပြောင်းချင်သော်လည်း အစိုးရအလုပ်မရှိသဖြင့် ပြောင်း၍မရ။ အဝေးသင်ကို ပြောင်းတော့လည်း ငါးနှစ်ဆိုသဖြင့် တစ်နှစ်ပို၍ ငွေကုန်ဦးမည်။ ကျူရှင်တက်ရဦးမည်၊ မှတ်စုတွေ ဝယ်ရဦးမည်ဆိုသဖြင့် သူမနေကျောင်းကိုပဲ ရွေးခဲ့ရသည်။ ဘွဲ့တစ်ခုတော့ ရမှာကိုဖြစ်မည်။ ဒါမှ သူမအောက်တွင်ရှိသော ညီမကလေး နှစ်ယောက်နှင့် မောင်လေးတစ်ယောက်ကို ပညာရေးမှာ ဆုံးမ၍ရမည်။ ထိုအရှုံးများအားလုံးအတွက် သူမမှာ မာနမလိုဘူးတဲ့လား"

နှင်းဆီဆိုသော မိန်းကလေးဘဝတွင် မာနသည် ဆေးတစ်ခုလို အမြဲသုံးစွဲခဲ့သော အရာသာဖြစ်သည်။ မုန့်ဟင်းခါးကဲ့ ဒေါသနှင့် ဆက်စပ်သွားသော အတွေးများကြောင့် ဘယ်ကိုရောက်သွားမှန်းမသိ။

"မောင်လေး. . .ဘယ်လောက်ကျသလဲ"

ညီ့ကြ နှစ်ရာတန်တစ်ရွက်ကိုကိုင်ကာစားပွဲထိုးကလေးကိုမေးသည်။ နှင်းဆီက 'ဟန်နီပေား ယောက်ျားလေးအကျႌအိတ်ကပ်ထဲက နှစ်ဆယ်တန်တစ်ရွက်ကို ထုတ်သည်။ မုန့်ဟင်းခါးတစ်ပွဲကို အကြော်မပါလျှင် တစ်ဆယ်ကျပ်ဆိုတာ သူမ သိပြီးသားဖြစ်ပါသည်။

"ညို့. . .နှင်းဆီဆီကာ တစ်ဆယ်ယူ. . .တစ်ဆယ်တော့ ပြန်ပေး. . .အဲဒါ အပြန်ကားခ"

mgyoe.com

mgyoe.com

"မဟုတ်တာ. . .နှင်းဆီကလည်း"

"မဟုတ်ဘူး ညို. . .နှင်းဆီနဲ့ ဆက်ခင်ချင်ရင် အဲဒီတစ်ခုတော့ ခွင့်ပြုပါ၊ အမြဲတမ်း နှင်းဆီကိုယ် နှင်းဆီ တာဝန်ယူပါစေ"

ညိုက နားလည်စွာ (သို့မဟုတ်) စိတ်ကျဉ်းကျပ်စွာနှင့် နှင်းဆီကို ကြည့်နေသည်။

mgyoe.com

mgyoe.com

ပေပါသရီး ဆရာ မထွက်ခင် ကော်ရစ်တာမှာ လင်းခက်တို့ကို တွေ့လိုက်ရသဖြင့် သက်သက်စံ ရင်ထိတ်သွားသည်။ မနေ့ကကိစ္စပဲ ဖြစ်ရမည်။ နှင်းဆီကို အသာကြည့်တော့ မနေ့ကလိုပင် နှုတ်ခမ်းများကို တင်းတင်းစေ့ကာထား၏။ နှင်းဆီကို မိန်းကလေးတစ်ယောက်ဟု သက်သက်စံမမြင်၊ မြွေတစ်ကောင်. . .ဒါမှမဟုတ် ဂျိုးဂျိုးဂျစ်ဂျစ်မမြည်ခင် တွေ့ရလေ့ရှိသည့် လျှပ်ပန်းနွယ်တစ်ခု. . .။

နှင်းဆီလည်း ကော်ရစ်တာမှာရပ်နေသော လင်းခက်တို့ကို မြင်သွားဟန်တူပါသည်။ ညိုက ဘယ်လိုလုပ်မလဲဟူသည့် သဘောနှင့် သက်သက်စံကို မျက်စပစ်ကာပြ၏။ ညို့မျက်နှာမှာလည်း စိုးရိမ်ထိတ်လန့်မှုကို တွေ့ရသည်။ ခင်မင်ပြီးသား လင်းခက်နှင့် အခုမှခင်မင်ရသော နှင်းဆီတို့အကြား ပြဿနာကို ကြိုတင်ကာ စိုးရိမ်နေပုံရသည်။

ဆရာထွက်ပြီးသည်နှင့် ဒုတိယအတန်းထဲက ထွက်သောသူမှာ သက်သက်စံသာ ဖြစ်ပါသည်။

mgyoe.com

mgyoe.com

"ဟဲ. . .လင်းခက်. . .နင်. . .ဘာလာလုပ်တာလဲ"

"ငါ. . .နင့်သူငယ်ချင်းနဲ့စကားပြောချင်လို့. . .မနေ့က ကိစ္စ"

"ဟာ. . .လုပ်မနေနဲ့တော့. . .ရတယ်၊ သွား. . .ငါတို့ ရှင်းပြပြီးပြီ"

"နင်က ဘာသိလို့ရှင်းပြရမှာလဲ. . .သူနဲ့ငါနဲ့က အဲဒီ ကိစ္စတစ်ခုတည်းမဟုတ်ဘူး. . .ငါကိုယ်တိုင် ရှင်းမှကိုရမှာ၊ ငါ သူ့ကို တမင်လုပ်တာမဟုတ်ဘူး"

လင်းခက်စကားကြောင့် သက်သက်စံ စိတ်ညစ်သွားသည်။ ဘယ်နည်းနှင့်မှ လင်းခက်နှင့် နှင်းဆီကို ပေးတွေ့၍ မဖြစ်။ အားလုံးမျက်နှာပူစရာတွေ ဖြစ်ကုန်ပါလိမ့်မည်။ "ကဲ လာစမ်းပါ လင်းခက်ရယ်. . .ဒုက္ခပဲ"၊ သက်သက်စံက လင်းခက်လက်မောင်းကိုဆွဲကာ နှင်းဆီလှမ်းမမြင်ရမည့် အကွယ်သို့ ခေါ်ခဲ့ရသည်။

"နင်က. . .သူ့ကို တစ်ခါပြဿနာရှာဖူးတယ်ဆို။ သူ့ ခြင်းထဲကို ငါးထည့်ပြီး. . ."

"ဟား. . .ကဲ. . .တွေ့လား နွယ်ဦး၊ ငါမပြောဘူးလား၊ အဲဒါကိုကစပြီး သူကငါ့ကို တမင်လုပ်တာလို့ ထင်နေတာ"

နွယ်ဦးက ခေါင်းကိုခါသည်။ ကိုဦးဇော့ဆွေက မျက်နှာကို မဲ့၏။

"ကဲ. . .သက်သက်စံ. . .နင်. . .ဒီကောင်နဲ့ အဲဒီကောင်

mgyoe.com

mgyoe.com

မလေးကို ပေးသာတွေ့လိုက်. . .အဲဒီကိစ္စက ဒီကောင် ငါတို့ကို ရှင်းပြပြီးသား. . .တမင်လုပ်တာ မဟုတ်ဘူး. . .ဒီကောင်က လည်း အဲဒါကို မရှင်းရရင် ကျေနပ်မှာမဟုတ်ဘူး"

"ကင်တင်းကိုခေါ်ခဲ့ဟာ. . .ငါတို့ စောင့်နေမယ်"

ကိုဦးဆွေစကားကြောင့် သက်စံက အံကိုကြိတ်ကာ မျက်လုံးကို မှိတ်၍ ခေါင်းကိုခါသည်။

"အာ. . .မရဘူး. . .နှင်းဆီက ဒေါသကြီးတယ်ဟ၊ ပြီး တော့ မာနက. . .မလွယ်ဘူး၊ ပြဿနာမတက်ချင်ပါနဲ့ဟာ. . . ငါတောင်းပန်ပါတယ်. . .နင်ပြန်ပါတော့"

"သက်စံ. . .ငါ ဘာပဲရင်ဆိုင်ရ. . .ရင်ဆိုင်ရ. . .ငါအဖြစ် ကိုတော့ ရှင်းပြရမှာပဲ. . .နင်ဘာမှ မပူနဲ့. . .သူနဲ့ငါ ဘာပဲဖြစ် ဖြစ် နင့်ကိုလုံးဝ အခင်အမင်မပျက်ဘူး. . .အဲဒါ ငါ့ကတိပဲ"

သက်သက်စံ ထွက်မသွားခင်ကတည်းက နှင်းဆီ သူ့ကို ကော်ရစ်တာမှာတွေ့ပါသည်။ ခဏကြာတော့ သက်သက်စံနှင့် သူအတူဝင်လာကြသည်။ နှင်းဆီထင်ထားတာက သူပြန်သွား လိမ့်မည်ဟု လုံးဝယုံထားသည်။ သူ့ကိုတွေ့ရတော့ မြေပုံဆွဲ နေသော ခဲဆံကထောက်ခနဲကျိုးကာသွား၏။ ညိုက. . ."ဟာ" ဟုအော်ကာ နေရာရွှေ့ကာပေးသည်။ ခဲတံအကျိုးနှင့် ပုံဆက် ဆွဲ၍ မရသဖြင့် နှင်းဆီက လွယ်အိတ် ထဲမှ ခဲတံချွန်ရန် ဓားကို ထုတ်ရသည်။ "နှင်းဆီ" ဟု ခေါ်ပြီးမှ သက်စံက သူမဓားကို တွေ့က အသံကတုန်ယင်ဖြစ်ကာ ရပ်သွား၏။ နှင်းဆီဘာမှ

mgyoe.com

mgyoe.com

မပြောဘဲ ခဲတံကိုချွန်နေလိုက်သည်။ နေရာလည်း ရွှေ့မပေး မော့၍လည်း မကြည့်ပါ။ အတန်းက ဆရာမဝင်သေးသဖြင့် ဆူညံနေသော်လည်း နှင်းဆီတို့ခုံတန်းက တိတ်ဆိတ်နေပါသည်။

"ကျွန်တော်. . .စကားနည်းနည်း ပြောချင်လို့ပါ"

"......."

ဒေါသဖြင့် ဖိတွန်းလိုက်သဖြင့် ခဲတံဘေးမှ သစ်သားစ အတော်များများပါသွားကာ ခဲတံက အချိုးအစားမညီဖြစ်သွားသည်ကို လင်းခက်တွေ့ရသည်။ တိုက်ဆိုင်တာပဲလား။ တမင် ဓားကိုထုတ်တာပဲလား။ သို့သော် ရှစ်ကျပ်တန်ခဲတံချွန်ဓားကို လင်းခက် မတုန်လှုပ်ပါ။

"မနေ့ကကိစ္စက ခင်ဗျားကို ကျွန်တော် တမင်လုပ်တာမဟုတ်ဘူး"

"......."

"ကျောင်းပိတ်ရက်မှာတွေ့တဲ့ကိစ္စကလည်း ခင်ဗျားကို တမင်လုပ်တာ မဟုတ်ဘူး၊ နှစ်ခုစလုံးက တိုက်ဆိုင်မှုသက်သက်ပါ. . .အဲဒါကို ယုံပါ"

"......."

"ခင်ဗျား. . .စကားပြောတတ်တယ် မဟုတ်လား"

"ဟဲ့. . .လင်းခက်"

ဒိုင်းခနဲ မော့ကြည့်သော နှင်းဆီမျက်ဝန်း၏ ဒေါသကို

mgyoe.com

mgyoe.com

နှင်းဆီကိုယ်တိုင် သိပါသည်။ ရင်ထဲမှာ သည်းခံနိုင်မှုက မရှိတော့။ ဒေါသအနည်းငယ်သာပါသောမျက်ဝန်းပျော့ပျော့နှင့် နှင်းဆီ၏ စူးရှသောမျက်ဝန်းတို့ဆုံကြသည်။ လင်းခက်က မတ်တပ်ရပ်ကာ ပြောနေခြင်းဖြစ်သောကြောင့် နှင်းဆီဝုန်းခနဲထကာရပ်သည်။ သူမကို အထက်စီးမှ မိုး၍ပြောခြင်းမျိုးကို နှင်းဆီမကြိုက်ပါ။

"ရှင်. . .လွန်နေပြီ. . .အခန်းထဲက ထွက်သွားပါ"

"ကျွန်တော် ဖြေရှင်းတဲ့ကိစ္စကို. . .ပြန်ပြောပါ. . . ကျွန်တော့်ရိုးသားမှုကို ခင်ဗျား လက်ခံသလား"

နှင်းဆီ၏စူးစူးရှရှအော်သံ၊ လင်းခက်၏ခပ်ကျယ်ကျယ်စကားသံတို့ကြောင့် ဆူညံနေသောအတန်းက တစ်ဝက်ခန့်တိတ်သွားကာ နှင်းဆီတို့အတန်းကို လှမ်းကြည့်ကြသည်။

"ဘာပဲဖြစ်ဖြစ်. . .ကျွန်မ စိတ်မဝင်စားဘူး၊ ရှင်ဒီက ထွက်သွားပါ. . .ဘာကိုမှ စိတ်မဝင်စားဘူး"

"မဟုတ်ဘူး. . .ကျွန်တော်က"

"ရှင်. . .သွားမလား. . .မသွားဘူးလား"

အဖြစ်အပျက်က လျှင်မြန်စွာဖြစ်သွားသည်။

နှင်းဆီက ဓားကိုင်ထားသောလက်နှင့် မသွားဘူးလားဟု လက်ကိုဆန့်တန်းကာ လှမ်းအပြော. . .လင်းခက်က လက်လှမ်းအကာ. . .နှင်းဆီလက်ထဲမှာကိုင်ထားသောဓားက သူ့လက်မောင်းကို ထိုးမိသွားသည်။ လင်းခက်က တအံ့တသြ

mgyoe.com

mgyoe.com

"ဟာ"ခနဲ အော်ကာ လက်ကိုကြည့်သည်။ သွေး. . .။ ပြီးတော့ သက်စံ၏ ထိတ်လန့်တကြားအော်သံ။ မဂ်လာပါ. . .ဆရာမ ဆိုသောပေပါ(၃)ဆရာမကို နှုတ်ဆက်လိုက်သောအတန်းထဲမှ ကျောင်းသားများ၏အသံ၊ အားလုံးက တိုက်ဆိုင်သွားကြသည်။

မတ်တပ်ထရပ်နေသူအားလုံး ထိုင်ချလိုက်သဖြင့်. . . နှင်းဆီ တအံ့တဩဖြစ်နေရာမှ ယောင်ကာထိုင်ချလိုက်မိသည်။ လင်းခက်က ကြောင်ငေးကာ မတ်တပ်ရပ်နေဆဲဖြစ်၏။ ပေပါ(၃) ဆရာမက အတန်းကို ဝေ့ကာကြည့်သည်။ နှင်းဆီတို့ခုံက ဆရာမ စတိတ်နှင့် သုံးခုံမျှသာကွာသဖြင့် လင်းခက် မတ်တတ်ရပ်နေပုံက ထင်းထင်းကြီးဖြစ်နေသည်။

"ဟိုကျောင်းသား. . .ထိုင်လေ"

လင်းခက် ရုတ်တရက်ထိုင်ချလိုက်ဖို့ နေရာမရှိပါ။ ခုံနောက်တန်းတွင် ဝင်ရပ်ကာ စကားပြောသော လင်းခက်ရှေ့တွင် နှင်းဆီရှိနေကာ နှင်းဆီနံဘေးတွင် လန့်ဖျပ်ကာ ထိုင်ချလိုက်သော သက်သက်စံရှိနေခဲ့သည်။ လင်းခက်က ဓားထိသွားသောလက်မောင်းသားကို ဆရာမ မမြင်အောင် လက်ပိုက်ကာ ရပ်နေလိုက်၏။

"အော်. . .မင်းက ငါမနေ့က မေးမယ်လို့ပြောသွားတဲ့ လောင့်ဂျီတွဒ်ဖြတ်တဲ့မျဉ်းနဲ့ဆုံတဲ့ မြို့တွေကို ဖြေချင်ဟန်တူနေတယ်. . .ဟုတ်လား"

mgyoe.com

mgyoe.com

"မဟုတ်ပါဘူး ဆရာမ. . .ကျွန်တော် ဒီအတန်းက မဟုတ်ဘူး"

"သြော. . .သြော. . .မင်းက ဘယ်မေဂျာကလည်း"

"ရုက္ခဗေဒကပါ. . ."

အတန်းထဲက ရယ်သံခပ်တိုးတိုးထွက်၍လာသည်။ နှင်းဆီ တော်တော်တုန်လှုပ်နေသည်ဆိုတာကိုတော့ ဝန်ခံပါသည်။ တမင်လုပ်ခြင်း မဟုတ်သော်လည်း သူ့လက်မောင်းမှာ စားထိပြီး သွေးထွက်ကာသွား၏။ ထိုဒဏ်ရာကိုများ ဆရာမတွေ့သွားမလား၊ ဒါမှမဟုတ် သူကပြောမလား. . .။

"ရုက္ခဗေဒ. . .မိုးများတဲ့ ဒေသတွေမှာ ဘာအပင်တွေ စိုက်ဖို့ လာလေ့တာလဲ"

ပေပါ(၃) ဆရာမစကားကြောင့် ရယ်သံတွေ ဝေါခနဲ ထွက်ကာလာပြန်သည်။

"ကျွန်တော် သူငယ်ချင်းတစ်ယောက်ဆီလာတွေ့တာ ပါ၊ ဆရာမ ရုတ်တရက်ဝင်လာတာ သတိမထားမိလို့ပါ၊ ခွင့်လွှတ်ပါဆရာမ. . .ကျွန်တော် တောင်းပန်ပါတယ်"

သူ့စကားကြောင့် နှင်းဆီရင်ထဲ ကျိတ်ကျေးဇူးတင်ပါသည်။ ဆရာမက သူ့စကားကြောင့် ပြုံးကာ နှင်းဆီတို့အတန်းကိုကြည့်သည်။ နှင်းဆီဆရာမကို ရင်မဆိုင်ရဲဘဲ ခေါင်းကိုငုံ့လိုက်ရသည်။ ဆရာမ ထပ်ပြုံးသော အပြုံးကို နှင်းဆီပါးပါးကလေးတော့ တွေ့လိုက်ပါသည်။

mgyoe.com

mgyoe.com

"ဒီလိုလား...အေးလေ...ရက္ခမေဒကျောင်းသားတွေ လိမ်မာသားပဲ...လက်တွေဘာတွေပိုက်ပြီး ရိုရိုသေသေပြော တယ်ဆိုတော့ ရှိစေတော့...ကဲ...ကိုယ့်အတန်း ကိုယ်ပြန် တော့ ကြားလား...မင်းကြောင့် ဆရာမ ငါးမိနစ်လောက် စာ သင်ချိန်ဆုံးသွားပြီ"

"ဟုတ်ကဲ့...ဆရာမ"

လင်းခက်လက်ပိုက်ကာ အတန်းရှေ့မှထွက်ရသည်။ ဝေါခနဲရယ်သံကိုကြားရပြီး လှည့်ကြည့်သည့်အခါ စူးစူးရဲရဲ မျက်ဝန်းတစ်စုံကို တွေ့လိုက်ရသည်။ သို့သော်...ထိုစူးရဲသော မျက်ဝန်းသည် မာနမျက်ဝန်းမဟုတ်ဆိုတာကိုတော့ လင်းခက် လောင်းရဲပါသည်။

※

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အခန်း [၃]
## ဆုံမှတ်များ၏အစ

တစ်ချိန်က မြတ်နိုးစွဲလမ်းယစ်မူးခဲ့ဖူးသောစိမ်းမှောင်လဲ့မြသည့်မျက်ဝန်းများသည် အခုတော့ မာနမျက်ဝန်း (သို့) ဘာကိုမှ ထိမထင်သောမျက်ဝန်းများဖြစ်နေသည်ဟု ဝဏ္ဏအံ့ဩစွာ သိရှိလိုက်ရသည်။

ရိုစီက ဟက်ခနဲ. . .လျှပ်လက်သလိုပြုံးကာ လွှင်လွှင်ကလေးရယ်သည်။

ခဲတံနှုတ်ခမ်းနီနီဖြင့် စူးရဲနေသော နှုတ်ခမ်း၊ ဝင်းပလက်နေသည့်မျက်ဝန်း၊ ပခုံးပေါ် က ညင်ညင်သာသာကလေး ဝဲငြိမ့်သွားသော ဆံစနုကလေးများက. . .ထိုရယ်သံသည် လှောင်ပြောင် သရော်ခြင်းသာဖြစ်သည်ဆိုသော အဓိပ္ပာယ်ကို ဟာမိုနီ

mgyoe.com

mgyoe.com

လိုက်ပေးသလို. . .ဝဏ္ဏခံစားရ၏။

"မင်း. . .ငါ့ကို အဲဒီလိုမရယ်နဲ့ ရိုစီ. . .အခု တိတ်"

ဝဏ္ဏ၏ဒေါသတကြီးစကားကြောင့် ရိုစီ့ရယ်သံက ရပ်မသွား။ မျက်ဝန်း. . .နှုတ်ခမ်း. . .ပခုံးထက်က ပျော့အိနေတဲ့ ဆံစက်လေးများ ဘာတစ်ခုမှ ရပ်မသွား. . .။ ဝဏ္ဏသာ ဝုန်းခနဲ ထရပ်ဖြစ်သည်။

"ငါ့စကားထဲမှာ ရယ်စရာမပါဘူး ရိုစီ. . .မင်းရယ်စရာ မလိုဘူး. . .ငါမေးတဲ့ မေးခွန်းကိုပဲဖြေ"

"ဖြေပြီးပြီလေ. . .စိတ်မဝင်စားတော့လို့. . .လို့"

"အဲဒါ. . .အဖြေမဟုတ်ဘူး ရိုစီ၊ အဓိပ္ပာယ်ရှိအောင် ဖြေပါ"

ဝဏ္ဏ၏လေသံ၊ အမူအရာ. . .စကားလုံးတို့ကြောင့် ရိုစီ အတော်စိတ်ပျက်သွားသည်။ နှုတ်ခမ်းကို "ကျွတ်"ခနဲ မြည်အောင်စုပ်ကာ. . .ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းသည်။

"အဲဒီစကားထက် ပြည့်စုံတာမရှိတော့ဘူး ဝဏ္ဏ၊ ရှင့်ကို ကျွန်မ ပျင်းသွားပြီ"

"မင်း. . .မင်း ငါ့ကို အပျော်သဘောထားခဲ့တာလား"

"ခက်ရချည်သေးရဲ့. . .ရည်စားထားတာ ဘယ်သူက စိတ်ညစ်ဖို့ ထားမှာလဲ"

"တောက်. . .ငါ မင်းကို သိပ်ချစ်တယ် ရိုစီ"

ရိုစီ သရဲသကြားလုံးကိုခွာကာ နီရဲလှပသောနှုတ်ခမ်း

mgyoe.com

mgyoe.com

လေးများဖြင့် စုပ်ယူကာ ငုံသည်။ စူးရဲသည့်အချဉ်ဓာတ်ကြောင့် လှုပသောလက်ကလေးများဖြင့် ပါးကိုအသာဖိရသည်။ သရဲသကြားလုံးကို ဣန္ဒြေမပျက်စားရဖို့ သူ့အခုထိ ကျင့်၍မရသေး။ မျက်ဝန်းများကို အချဉ်ဓာတ်ကြောင့် ခဏမှိတ်လိုက်ရပြီး. . .ပြီးချင်း သူ့ကို ဒေါသတကြီး စိုက်ကြည့်နေသော ဝဏ္ဏမျက်ဝန်းများကို ခပ်ရဲရဲ ရင်ဆိုင်လိုက်သည်။

"ရှင်. . .ထွက်သွားတော့. . ."

ရိုစီ့ကိုစိုက်ကြည့်သောမျက်ဝန်းတစ်စုံ၊ တောက်ခတ်သံပြင်းပြင်းတစ်ချက် ချာခနဲလှည့်ထွက်သွားသော ဝဏ္ဏ၏ကျောပြင်. . .။

ထိုကျောပြင်ကို ပြုံးကြည့်ကာ ရိုစီ အပြုံးတစ်ခု လှမ်းပေးလိုက်သည်။ သူ့မ လျှာပေါ်မှာ သရဲသကြားလုံးက ချိုစပြုနေပြီဖြစ်သည်။ ဒီလိုလူမျိုးကို နောက်တစ်ခါ ပျော်ရွှင်မှု တစ်ခုအတွက် ရည်းစားမထားဖို့တော့ သူ့မ ဆင်ခြင်ရတော့မည်။ ဘယ်နှယ်. . .စိတ်မဝင်စားတော့ဘူး ပြောသည်အထိ မရမက တွယ်ကပ်နေသော ယောက်ျားတစ်ယောက်၏အချစ်ကို သူ့မက တန်ဖိုးရမည်တဲ့လား. . .။

သူ့မအာမေနဲ့ တွေ့ဖို့ ကြိုးစားတဲ့. . .သူ့မကို ချုပ်ချယ်ဖို့ ကြိုးစားတဲ့. . .သူ့မ၏ လွတ်လပ်မှုကို ထိန်းသိမ်းဖို့ တစ်စတစ်စ ဖန်တီးလာတဲ့. . . သူ့မကို လက်ထပ်ဖို့ နေ့စဉ်ပြောနေတဲ့ ယောက်ျားတစ်ယောက်ကို သူ့မ ပျင်းသွားတာ သူ့မအတွက်

mgyoe.com

mgyoe.com
အပြစ်တစ်ခုမဟုတ်ဟု ခိုင်ခိုင်မာမာပင် ယူဆထားခဲ့သည်။

မချစ်ခင်က စိတ်ဝင်စားဖို့ကောင်းသည်ဟု သူမယူဆထားခဲ့သော ယောကျ်ားများသည် ချစ်ပြီးသည့်အခါ တော်တော့်ကို ပျင်းဖို့ကောင်းသည်။ သူမကို မိန်းမတစ်ယောက်အဖြစ် သိမ်းပိုက်ရေးကိုသာ နည်းအမျိုးမျိုးဖြင့် (ပုံစံတော့ကွာသည်) ကြိုးစားကြသူများသည်။

ရိုစီသည် လိပ်ပြာလေးတစ်ကောင်ဆိုလျှင် ဖမ်းရခက်သော လိပ်ပြာ. . .နှင်းဆီပင်ဆိုလျှင်. . .အမြင့်မှာလှလှပပပွင့်သော နှင်းဆီ။ ချစ်စရာတစ်ခုဟုဆိုလျှင် သူတို့ထင်မထားသော အချစ်များဖြင့် ဖွဲ့စည်းထားသော ချစ်စရာပဟေဠိတစ်ခု. . .။ မိန်းကလေးဆိုလျှင်. . .သူမအလှကို မရှောင်နိုင်လောက်အောင် လှပသော မိန်းကလေးသာဖြစ်သည်။

"မင်း. .နောက်တစ်ယောက်တွေ့ထားလို့လား ရိုစီ"

ခင်မ အမေးကို ရိုစီပြန်မဖြေ။ ဆရာမ ပြောနေသော လက်ချာထဲမှာ. . .ရိုစီ စိတ်ဝင်စားနေသောကြောင့်သာ ဖြစ်သည်။ ဆရာမတွက်ပြသည့် စီးပွားရေး ကိန်းဂဏန်းများ. . အခြေအနေများလောက်မျှပင် မခက်ခဲသော ယောကျ်ားတစ်ယောက်ကို ရိုစီက စိတ်ဝင်စားရမှာတဲ့လား။

"ရိုစီ ဝဏ္ဏကို ငြင်းလိုက်တာ. . .ကြောင့်တော့ မဟုတ်ဘူးထင်ပါရဲ"

နွေးနွေး၏စကားကိုလည်း ရိုစီ မဖြေ။ ခဲတံတစ်ချောင်း

mgyoe.com

mgyoe.com
ဖြင့် ရိုစီ အလုပ်များနေခဲ့သည်။ ဆရာမ ထွက်သွားတော့. . အိကို စိတုတ္ထနှစ်အတန်းသည် ထုံးစံအတိုင်း ဆူညံကာ အဝင် အထွက်တွေ များနေခဲ့သည်။ ရိုစီက စာအုပ်တွေ သိမ်းကာ မိတ်ကပ်ဘူးကိုဖွင့်ကာ နှုတ်ခမ်းကိုကြည့်သည်။ နီနီ။ မျက်ဝန်းကို မှန်ထဲမှမျက်ဝန်းဖြင့် ပြန်ကြည့်သည်၊ ရွှန်းရွှန်းလဲ့လဲ့. . .။ အိုကေ. .။

ဆူညံနေသော ကင်တင်းထဲရောက်မှ ခင်မနှင့် နွေးနွေးတို့မေးခွန်းများကို သူမတစ်ခွန်းတည်း ဖြေရသည်။

"ငါမှ. . .သူ့ကို မချစ်ဘဲ"

သူငယ်ချင်းနှစ်ယောက်စလုံး ခေတ္တငြိမ်သွားကြသည်။ ငြိမ်သွားကြသော သူငယ်ချင်းနှစ်ယောက်အား ခေတ္တငေးကာ ရိုစီ သံပုရာရည်ကို ပိုက်ဖြင့်စုပ်သည်။ သံပုရာရည်က ချိုလွန်းသည်။ ထပ်ပြင်ခိုင်းဖို့ကလည်း. .ကင်တင်းတစ်ခုလုံးမှာရှိတဲ့ စားပွဲထိုးတွေ ဘယ်သူမှ မအား. . .။ ဟိုပြေး ဒီအော်နှင့် ရှုပ်ယှက်ခတ်နေကြသည်။

ထိုစဉ်. . .အော်သံတစ်ခု၊ ရန်ပွဲတစ်ခု. . .၊ ရယ်သံ. . .။

အဲဒီကျောင်းသားကို သူမြင်ဖူးသည်ဟု ရိုစီထင်သည်။

"မဟုတ်ဘူး. . .မဟုတ်ဘူး. . .ကျွန်တော်သတိပေးဖို့ မေ့သွားတာ. . .တမင်လုပ်တာမဟုတ်ဘူး"

ထိုအသံကို ရိုစီကြားဖူးသည်ဟု ထင်သည်။

ထိုင်ခုံလုရင်း လဲဖို့ ကြုံကြတဲ့ဖြစ်စနေကျဖြစ်ရပ်တစ်ခုပြီး

mgyoe.com

mgyoe.com
သွားတော့ ကင်တင်းသည် ပြန်လည်ဆူညံတာလာသည်။ ဒီလို ပါပဲ လူ့ဘဝဆိုတာ သူများကိစ္စကို ခဏပဲစိတ်ဝင်စားကြတာ မဟုတ်လား၊ ရယ်စရာတွေ့လျှင် ရယ်လိုက်မည်။ ကားတိုက်တာ တစ်ခုကို တွေ့လျှင် သနားလိုက်မည်။ ပြီးတော့လည်း မိမိကိစ္စထဲ မိမိ ပြန်လည်နစ်မြုပ်သွားကြတာမျိုးဖြင့် လူ့ဘဝတွင် . . . မိမိကိုယ်မိမိ ဦးစားပေးမှုကို ပိုမို ခိုင်မာစေသည်။ ကိုယ့်ရှေ့မှာ ကားတိုက်သွားတဲ့လူတစ်ယောက်ရဲ့ အသုဘကို ဘယ်သူက မရမကစုံစမ်းပြီး လိုက်ပို့ပေးဖူးလို့လဲ. . .။ တဒင်္ဂ စိတ်မကောင်းခြင်းလောက်ကိုတော့ လူတိုင်း ပေးနိုင်ပါသည်။ လူသည် မိမိဘဝတွင် မိမိအရေးအကြီးဆုံးသာ ဖြစ်သည်။

သို့သော်. . .နွေး၏ မေးခွန်းက သူမဘဝထဲအထိ အရေးကြီးဝင်လာခဲ့သည်။

"မင်း. . .သူ့ကို မချစ်ဘူးဆိုတော့ မင်းမှာချစ်တဲ့လူရှိလို့လား"

ထိုမေးခွန်းသည် လွန်ခဲ့သော လေးဆယ့်ငါးမိနစ်က စကားကို ပြန်ဆက်ခြင်းသာဖြစ်သည်။

သို့သော်. . .ရိုစီ နောက်တစ်ခါ ပြန်မေးစရာမလိုပါ။ မင်း ဘာကိုပြောတာလဲဟု. . .မမှတ်မိစရာမရှိပါ။

"ဟင့်အင်း. . .ကိုယ်တွေ့ခဲ့ဖူးတဲ့ လူတွေထဲမှာ ကိုယ့်ကို ချစ်အောင်လုပ်နိုင်တာ တစ်ယောက်မှ မရှိဘူး. . .အဲဒီအတွက် အချစ်ကို ကိုယ်မသိဘူး. . .တစ်ခါတလေတော့ သိချင်ပါရဲ့၊

mgyoe.com

ကမ်ဘာတွေ၊ စာတွေထဲမှာလို ရင်ခုန်ချင်ပါရဲ့. . .ဒါပေမဲ့”

ရိုစီက စကားကို မဆက်. . .။ ခင်မနှင့် နွေးကလည်း ဆက်မမေးတော့။ လူ့ဘဝတွင် တစ်ခါတစ်ရံ မေးခွန်းများသည် အဖြေရှိနေပြီးသည့်တိုင်အောင် ရောက်လာလေ့ရှိသည်။ ထို မေးခွန်းများရောက်လာလျှင်. . .ဖိတ်မထားသော ဧည့်သည် တစ်ယောက်ကို ဆက်ဆံသလိုပင် ရိုစီက ဆက်ဆံမည်သာ ဖြစ်သည်။

mgyoe.com

မိုးလေဝသဌာနမှ မနက်ဖြန်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဆိုသော်လည်း. . .ထိုမနက်ဖြန်တွင် မိုးရွာသည့် အခါမျိုးလည်း ရှိတတ်ပါသည်။

ဆောင်းရက်ကို ကျူးဝင်လာသော မိုးစက်များသည် ရိုစီ မှာသာ ထီးမပါဘူးဆိုလျှင် သာမန် မိုးရေစက်များထက် ပိုမို အေးရှနေသည်ကို ရိုစီ သိရမည်ဖြစ်သည်။

သို့သော်. . .ရိုစီမှာက ထီးပါလာသည်။ ရိုစီအိမ်က မထွက်ခင်အထိ ထိုမိုးသည် ကောင်းကင်ပြာမှာ စိမ့်ပြန့်နေပြီ၊ တဖွဲဖွဲလုပ်နေသဖြင့် ရိုစီ ထီးကိုယူလာခဲ့သည်။ အနွေးအကျီ (သိုးမွေးပွ) ကိုလည်း ဝတ်ခဲ့သည်။ သို့သော် ပြဿနာက ဆောင်းဦးစမှာ ကျူးဝင်လာသည်မို့လည်းမဟုတ် ထီးလည်း မဟုတ်. . .ရိုစီ စီးလာခဲ့သော တစ်လက်မမြင့်သည့် ခွာမြင့်ဖိနပ် သာဖြစ်သည်။

လမ်းနံဘေး ကွန်ကရစ်ကျောက်ပြားများခင်းထားသော လမ်းကလေးပေါ်မှ ရေညှိပင်များသည် မိုးကုန်၍ဆောင်းနေနှင့်

mgyoe.com

mgyoe.com

တွေ့သည့်အခါ သွေ့ခြောက်မာကြမ်းသွားသော်လည်း. . . ဆောင်းဦးကျွဲမိုးနှင့် ပြန်တွေ့သည့်အခါ ချောကျိုကျိုဖြစ်လာသည်။

ကတ္တရာခင်းထားသော လမ်းပေါ်ဆင်းလျှောက်လို့လည်းမဖြစ်၊ နံဘေးမှ ကပ်၍ မောင်းလာတတ်သောကားများက လမ်းတွင် အိုင်ထွန်းနေသော ရေများကို ဖြတ်မောင်းသွားသည့်အခါ ရေများ စဉ်တတ်သဖြင့် ရိုစီသည် လမ်းဘေးက ကျောက်ပြားတွေပေါ်မှာသာ တစ်လက်မမြင့်သည့် ဒေါက်ဖိနပ်ကို သတိထား စီးလာရသည်။

လေနှင့်ဝှေ့၍ ဝင်လာသော မိုးစက်မှုန်များက ရိုစီလက်မောင်းကလေးကို ငုံထားသော အမွေးပွသိုးမွေးမျှင်များပေါ်တွင် ရေစက်အဖြစ် သီးခိုနေကြသည်။

ရိုစီအတွေးက သိပ်မကြာလိုက်. . .။ တစ်ကိုယ်လုံးကို ဝုန်းခနဲ လာစဉ်သောရေများ. . .ဟန်ချက်ပျက်သွားသော ခြေထောက်များက နှစ်ခုထပ်ထားသော ကွန်ကရစ်ကျောက်ပြားနှင့် ရိုက်မိချိန်. . .ရိုစီ ထိန်းမရတော့ဘဲ. . .လဲကျသွားသည်။ ကမ္ဘာသည် စောင်းသွား၏။ မိုးမှုန်စက်များက ဝမ်းသာအားရ ရိုစီထံ ပြေးဝင်လာကြသည်။

ကားဘရိတ်အုပ်သံ. . ရိုစီနားကို ပြေးဝင်လာသော လူတစ်ယောက်. . .။

သို့သော် ဘရိတ်အုပ်လိုက်သောကားက ခပ်လှမ်းလှမ်း

mgyoe.com

mgyee.com

တွင် ရပ်သွား၏။

"ဘာဖြစ်သွားသေးလဲ. . .ဘာဖြစ်သွားသေးလဲဟင်"

စိုးရိမ်တကြီးမေးသံနှင့်. . .ထံရောက်လာသော ကျောင်းသားတစ်ဦး. . .။ ရိုစီ အားယူကာထတော့ ထိုကျောင်းသားက ဆွဲကာ ထူပေးသည်။ လွင့်ကျသွားသော ရိုစီထီးကို ပြေးကောက်ကာ ရိုစီပေါ် ဆောင်းမိုးပေး၏။ ထိုစဉ် ရပ်သွားသော ကားထဲမှ ထီးတစ်လက် ပွင့်ကာလာသည်။ ထို့နောက် လူတစ်ယောက် ဆင်းကာလာ၏။ ထိုလူက ရိုစီထံ ပြေးမလာ ပုံမှန်အတိုင်းလာနေသည်။

"ရှင်. . .လူလိုမှ နားလည်ရဲ့လား"

ရှိသမျှအားကို ညှစ်ကာ အော်ချလိုက်သော်လည်း မိုးသံကြောင့် ရိုစီအသံသည် ထိုလူ့ဆီကို ပြင်းရှစွာရောက်သွားဟန်မတူပါ။ ပြည်လမ်းမ နံဘေး ပလက်ဖောင်းပေါ်မှာ လက်များကို ထောက်လျက် မထနိုင်သေးဘဲ ကြုံးအော်သော ရိုစီ့ကို ကားထဲမှလူက မတ်တပ်ရပ်လျက်ကပင် ငုံ့ကာကြည့်ရင်း ပြောပြော၏။

"တောင်းပန်ပါတယ်ကွာ. . .ကိုယ်မှားတာပါ"

"ဩော်. . ."

ဒေါသဖြင့် ကြုံးကာထသည်။ ထောက်ထားသည့်လက်က ရေညှိတွေပေါ် ထောက်မိသဖြင့် ထပ်ယိုင်သွားကာ ထပ်မံပြိုလဲကျသွားပြန်၏။ နံဘေးမှ ကျောင်းသားက ရိုစီလက်

mgyee.com

mgyoe.com

မောင်းကို ဖေးကာ ထိန်းပေးသည်။ ထ၍ရမရကို ရိုစီ သတိမရ။ ဒေါသ၏ စကားများကသာ ရိုစီနှုတ်ဖျားက ခုန်ထွက်သွား၏။

"ကျွန်မ်နေရာမှာ ရှင်ဆိုရင်. . .အဲဒီစကားကို ကျေနပ်နိုင်မလား"

"ဟာ. . .မဟုတ်ဘူးဗျ။ ရေကလည်း အစဉ်၊ အစ်မကလည်း အလဲနဲ့ ကြုံတာပါ။ ကျွန်တော် သိပါတယ်၊ ရတယ် အစ်ကို"

နံဘေးမှ ဝင်ပြောသောကျောင်းသားကို ရိုစီရော ထီးနှင့်လူပါ လှည့်ငေးလိုက်ကြသည်။ ရိုစီ ဘာပြောရမှန်း မသိ။ ထီးနှင့်လူက ပြုံးသည်။

"ဘာပဲဖြစ်ဖြစ် ကိုယ်တောင်းပန်ပါတယ်၊ ခွင့်ပြုပါဦး"

ခေါင်းကိုအသာညွှတ်၍ ပြုံးကာပြောရင်း ထိုလူပြန်ထွက်သွားသည်။ ရိုစီ ဝုန်းခနဲ ထရပ်သည်။ နံဘေးနားတွင် ထိုင်လျက် ထီးမိုးပေးသော ကျောင်းသား၏ ထီးနှင့် ထပ်တိုက်မိကာ ထီးက လွင့်ထွက်သွား၏။ မိုးစက်များ ရိုစီ့မျက်နှာပေါ် ဝေါခနဲဝင်လာကြသည်။ မိုးမှုန်စက်များကြားမှ ဝေါခနဲမောင်းသွားသော အဖြူရောင် အက်အီးဆလွန်းကား **(S.E Sloon)**။ ရိုစီပေါ် ပြန်ရောက်လာသော ထီးရိပ်။

"မင်း. . .ဘာဝင်ရှုပ်တာလဲ. . .သူကြောင့် ငါလဲတာ မင်းက ဘာဝင်ရှည်တာလဲ"

mgyoe.com

mgyoe.com

"မဟုတ်ဘူးခင်ဗျ. . .ကျွန်တော်က အဲဒ်မ နောက်က လိုက်လာတာ. . .အစ်မဘာသာ လဲတာပဲ၊ ပြီးမှ ရေစဉ်တာ ကျွန်တော် မြင်တယ်"

ထိုကျောင်းသား၏ စကားကြောင့် ဘာတစ်ခုမှ မရခဲ့သော ရိုစီဒေါသများက ပေါက်ကွဲသွားသည်။ ရုတ်တရက် ပေါက်ကွဲသည့်အခါ. . .ထိုပေါက်ကွဲမှုသည် အနီးနားတွင်ရှိသူကို အရင်သက်ရောက်စေတတ်သည် မဟုတ်လား။

"မင်းပါးစပ်ကို ပိတ်ထား. . .အဲဒီကားကြောင့် ငါ လဲတာ. . .တောက်. . .ငါ. . ."

ရုတ်ခနဲမြောက်တက်သွားသော ရိုစီညာဘက်လက်တွင် ဒေါသ၏အရှိန်အပြည့်ပါသော်လည်း ထိုကျောင်းသားက ရုတ်တရက်မျက်ဝန်းများကို မှိတ်ချလိုက်သည့်အတွက် ရိုစီလက်ဝါးသည် ထိုကျောင်းသား၏ ပါးပြင်ပေါ် သို့မကျ၊ ဆောင်းပေးထားသော ထီးရိပ်အပြင်သို့ ရောက်ကာ မိုးစက်များကိုသာ ထိတွေ့ရသည်။

"ကျွန်တော် အမှန်အတိုင်းပြောတာပါ"

မှိတ်ထားသောမျက်ဝန်းကို ဖြည်းဖြည်းပြန်ဖွင့်ရင်း ထိုကျောင်းသားကပြောသည်။ ရိုစီကို ထီးဆောင်းပေးထားတုန်း. သူကတော့ မိုးရေထဲမှာ. . .သူက သူမကို ပြေးဝင်ထူသည့်လူ. သူမကို ထီးမိုးပေးထားတဲ့လူ. . .သူမကို ကူညီသူ။ နှောင့်ယှက်ခဲ့သည်ဆိုလျှင်တောင်မှ သူအမှန်ဟု ထင်သော စကားကို ဝင့်

mgyoe.com

mgyoe.com

ပြော့တာ တစ်ခုပဲရှိမည်ဟု ရိုစီထင်သည်။ ရိုစီ မြှောက်ထား သော လက်ကို ပြန်ရုတ်ကာ သူကိုင်ထားသော ထီးရိုးကို ဖျတ်ခနဲဆွဲယူလိုက်ပြီး. . .ဒေါသဖြင့်ကြည့်ကာ ထွက်သည်။

သို့သော်. . .။

ရိုစီ ခြေလှမ်းတစ်လှမ်းနှင့်တစ်လှမ်းက အနိမ့်အမြင့် မညီ။

ဟာ. . .သွားပြီ။

ရိုစီ. . .တစ်လက်မမြင့်သော ဒေါက်မြင့်ဖိနပ်၏ ညာ ဘက်ဒေါက်က မရှိတော့. . .။

တအံ့တသြလှည့်ကြည့်တော့. . .မိုးရေတွေ ရွှဲရွှဲစိုနေ သော ကျောင်းသားကို ခပ်ပြုံးပြုံးတွေ့ရသည်။ ထိုအပြုံးက သူမကို လှောင်ပြောင်သည့်အပြုံးမျိုးတော့မဟုတ်။ ခင်ဗျား ဒီ နားက ကျုပ်ကိုထားခဲ့ပြီး သွားလို့မရသေးဘူးဆိုသည့် အပြုံး မျိုး. . .။

"အစ်မ. . .ဟောဒီ ကျောက်ပြားနဲ့ တိုက်မိတယ်"

လက်ညှိုးထိုးပြနေသော နှစ်ခုထပ်နေသည့် ပလက် ဖောင်းခင်း ကျောက်ပြားကိုကြည့်ပြီး၊ ရိုစီသဘောပေါက်သွား ပြီး. . . ခြေထောက်အောက်တွင် မရှိတော့သော တစ်လက်မ ဒေါက်သည် ထိုကျောက်ပြားနှင့် တိုက်မိပြီး ပြုတ်ထွက်သွား တာဖြစ်ရမည်။ ဒါကြောင့် ရိုစီ လဲသည်။ ထို့နောက် ရေစဉ် သည်။

mgyoe.com

mgyoe.com

"ပြဿနာပဲ. . .ဘယ်. . .ဘယ်ကိုရောက်သွားလဲ"

ရိုစီ ပတ်ဝန်းကျင်ကို ရှာသည်။ မိုးစက်များမှအပ ဘာကိုမှ မတွေ့။ အခုရပ်နေရတာတောင်မှ အနိမ့်အမြင့်က မညီ။ ပြုတ်ထွက်သွားသော ဒေါက်ဖိနပ်ကိုသာ ရှာမရလျှင်။

"လုပ်. . .လုပ်ပါဦး. . .အဲဒါဆိုရင်. . .ဘယ်နားရောက်သွားလဲ"

ရိုစီအမုန်းဆုံးမှာ သူ့ကိုကြည့်ပြီး ပြုံးခြင်းသာ ဖြစ်သည်။ သို့သော် ထိုကျောင်းသားက သူ့ကိုကြည့်ကာ ပြုံးသည်။ မိုးမှုန်စက်များ ရုတ်တရက်လျော့ကျကာ. . .ပတ်ဝန်းကျင်မှာ မိုးသံရုတ်တရက်တိတ်ကာသွား၏။ မိုးစဲသွားခြင်းဖြစ်သည်။ ထိုကျောင်းသားက ဆံပင်များကိုသပ်တင်ကာ ရိုစီကို ကြည့်သည်။ သူ့မျက်နှာကိုမြင်ရတော့ ရိုစီထိတ်ခနဲ ရင်ခုန်သွား၏။ နဖူးမှာ ဒဏ်ရာတစ်ခု. . .။

"ဟောဒီအထဲကို. . .ကျသွားတယ်ထင်တယ်"

ထိုကျောင်းသား ညွှန်ပြသောနေရာမှာ. . .ကွန်ကရစ်ကျောက်ပြားတစ်ချပ်လပ်နေသော ပလက်ဖောင်းရေမြောင်းပေါက်သာ ဖြစ်သည်။ ထို့နောက် သူက ရိုစီကိုကျော်ကာ စိစစ်ပြုနေသော မိုးရေထဲမှာ လျှောက်သွား၏။

ရိုစီ အမုန်းဆုံးဖြစ်သော သူ့ကိုပြုံးပြီး ထားသွားသည့် ယောကျ်ားနှစ်ယောက်ကို တစ်ပြိုင်နက်တည်းဆုံခဲ့ရသည်။ ရိုစီက သူ့ကို ကျောခိုင်းသွားသည့် လူတစ်ယောက်ကို လှမ်းပြီး

mgyoe.com

mgyoe.com

ဘယ်တော့မှ ခေါ်လေ့မရှိ။ သို့သော်. . . ၊

"လင်း. . .ခက်. . ."

ကျောပြင်က ရုတ်ခနဲရပ်ကာသွား၏။ ထို့နောက် ရိုစီကို လှည့်ကြည့်သော အံ့သြတုန်လှုပ်သွားသည့်မျက်နှာ တစ်ခု။

"မင်း. . .ငါ့ကို ဒီအတိုင်း ထားသွားမလို့လား. . .ဘယ်နားကို ငါ့ဖိနပ်ဒေါက် ရောက်သွားတာလဲ"

လင်းခက် တအံ့တသြဖြင့်. . .ထိုကျောင်းသူကိုငေးကာ တဒင်္ဂကြည့်သည်။ သူ့ဦးခေါင်းသည် မိုးရေတွေရွှဲစိုနေသည့်တိုင်. . .ဦးနှောက်ကတော့ မထုံမကျင် ရှိနေပါသေးသည်။ သို့သော်. . .သူ့နာမည်ကို ပီပီသသခေါ် လိုက်သော ထိုကျောင်းသူကို သူ မသိ။ မြင်လည်း မမြင်ဘူး. . .တွေ့လည်း မတွေ့ဘူးပါ။

"အစ်မက. . .ကျွန်တော့်ကို"

"ဖိနပ်ဒေါက်. . .ဒီအထဲကျသွားတာ သေချာသလား"

မိုးစဲသွားပြီဖြစ်သည်။ လေက ဝှေ့ရမ်းကာတိုက်သဖြင့် မိုးရေစက်များ ဝေါခနဲ ကြွေကျလာ၏။ ပလက်ဖောင်းတွင် လျှောက်လာသောကျောင်းသူကျောင်းသားများက ရေမြောင်းပေါက်ထဲ ကိုယ်ခန္ဓာ သုံးပုံနှစ်ပုံဆင်းကာ အနားတွင် မိန်းကလေးတစ်ယောက်ရပ်နေသော သူ့ကိုငေးကြည့်သွားကြ၏။

ဆယ်မိနစ်လောက်ကြာသည့်အခါ. . .လင်းခက်သည် ရေစီးဖြင့် အနည်းငယ်ရွေ့သွားဟန်တူသော ဖိနပ်ဒေါက်တစ်ခုကို ခြေဖြင့် စမ်းမိပြီး အသာညှပ်ကာ သတိထားပြီး ဆွဲယူနေမိ

mgyoe.com

mgyoe.com

သည်။

"လင်းခက်. . .နင်. . .နင်. . .ဘာလုပ်နေတာလဲ"

တအံ့တသြအော်သံ. .. ပြီးတော့ နားမလည်နိုင်စွာ ငေးကြည့်နေသော သက်သက်စံ၊ နှင်းဆီ။

သွားပြီ. . .နှင်းဆီက ပလက်ဖောင်းထဲမှ သူ့ကိုတွေ့တော့ ခပ်ဝေးဝေး အဝိပတိလမ်းပေါ် ရောက်ကာသွား၏။

"ဘာမှမဟုတ်ဘူးဟ. . .သွားနှင့်. . .သွားနှင့်. . .ငါလာခဲ့မယ်"

သက်သက်စံက တော်တော်နှင့်မသွား. . .နှင်းဆီက တအံ့တသြ သူ့ကို ရပ်ကာငေးနေသည်။ ရေစီးကြောင်း ခြေမထဲမှာ ညှပ်ထားသည့်ဒေါက်ကို မနည်းဖိကာထားရ၏။

"နင်. . .နင်. . .ဘာလုပ်နေတာလဲ. . .လင်းခက်၊ နင်ဘာဖြစ်နေတာလဲ"

ရိုစီက ဖျတ်ခနဲ မော့ကာကြည့်သည်။ လင်းခက် ဘာပြောရမှန်းမသိ။ ဘာမှပြောလို့လည်း မရ။ အခြေအနေက မကောင်း။ ရိုစီက သူ့မျက်နှာကို ငေးကာကြည့်သည်။

"ဘာမှမဟုတ်ဘူး. . .သက်သက်စံ နင်တို့သွားနှင့် ငါလာခဲ့မယ်"

နားမလည်သော်လည်း သက်သက်စံ ခရီး ထွက်သွားသည်။ နှင်းဆီက ခြေလှမ်း လေးငါးလှမ်းလောက် ရောက်ပြီးမှ သူ့ကို လှည့်ကာ ကြည့်သည်ကို လင်းခက်တွေ့ရ၏။ သူတို့

mgyoe.com

mgyoe.com

အတော် ဝေးသွားမှ လင်းခက် ရေမြောင်းထဲမှ လက်နှစ်ချောင်းကို အားပြုကာ ခြေထောက်ကို သတိထားပြီး တက်ရသည်။ သူ့ခြေမနှင့် ညှပ်ထားသော ဒေါက်ဖိနပ်၏ ညာဘက်ဒေါက်က အသေအချာကို ပါလာပါသည်။

"ဟား. . .ဝတော်သေးတာပေါ့ကွာ. . .ပါလာလို့"

အားရဝမ်းသာပြောပြီး လှမ်းကြည့်တော့ လင်းခက် မျက်နှာမှ ဘာအပြောင်းအလဲ မရှိပါ။ အရင်ငယ်စဉ်တုန်းက အတိုင်း အပြုံးမျိုးကို ပြုံးသည်။ ပြီးတော့ သူ့ညာဘက် ဒေါက်ဖိနပ်ကို ဆွဲယူကာ ပြုတ်ထွက်သွားသော သံရာအတိုင်း ဒေါက်ကိုတွေ့၍ ကျောက်ပြားနှင့် တဂွပ်ဂွပ်ရိုက်ကာ ပြန်ထည့်ပေးသည်။

"သိပ်ခိုင်မယ်မထင်ဘူး ထိန်းစီးသွားနော်"

စကားသံ ပီသသော်လည်း လင်းခက် နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေတာကို ရှိုစီ မြင်ပါသည်။

"မင်း. . .သိပ်ချမ်းနေပြီ လင်းခက်. . .မင်း. . .ဘာလုပ်မှာလဲ"

"ကိစ္စမရှိဘူး ရတယ်. . .ခုနက အစ်မ. . .ဒါကိုဝင်တိုက်ပြီး အရင်လဲတာ ပြီးတော့မှ"

"အဲဒါတွေ ပြောမနေနဲ့. . .ထားလိုက်တော့. . .မင်း သိပ်ချမ်းနေပြီ"

လင်းခက်နှင့် ရှိုစီ မျက်ဝန်းချင်းဆုံကြသည်။ ပြီးတော့

mgyoe.com

mgyoe.com

ဘာစကားမှမပြောဘဲ ထပြီး လမ်းလျှောက်လာကြသည်။ မိုးတိတ်သွားပြီးသည့်တိုင် ရိုစီက ထီးကိုဆောင်းထားတုန်း သူ့ ကိုယ်သူတော့ မဟုတ် လင်းခက်ကိုသာ ဖြစ်သည်။ လမ်း လျှောက်လာကြရင်း. . .ရိုစီ စီးလာသော ခွာကပြုတ်ထွက်ကာ လွင့်ထွက်သွားပြန်၏။ ရေမြောင်းပေါက်ထဲကိုတော့ မဟုတ် လမ်းမပေါ်ကိုဖြစ်သည်။

တိုင်ပင်မထားပါဘဲ. . .ရိုစီနှင့် လင်းခက် ပြိုင်တူ ရယ် လိုက်ကြသည်။ ရိုစီက အဓိပတိလမ်းမပေါ်မှ ခွာကို ပြေး ကောက်ကာ သူမဖိနပ်တွေကို ချွတ်ပစ်လိုက်သည်။ ဆက်စီး ရင်လည်းကျွတ်နေဦးမှာသေချာသည်။ ဖိနပ်ကို ကောက်ကိုင် ကာ ရိုစီနှင့် လင်းခက် ပြိုင်တူရယ်ကြပြန်သည်။ နှစ်ယောက် စလုံး မိုးရေတွေ ရွှဲနေသည်။ နှစ်ယောက်စလုံး ချမ်းနေကြ သည်။ နှစ်ယောက်စလုံး ဘာကိုမှန်းမသိ အားရပါးရ ရယ်နေ ကြသည်။ ရိုစီဘဝတွင် ထိုကဲ့သို့ ဘာကိုမှန်းမသိဘဲ အားရပါးရ ရယ်ဖူးတာ. . .ထိုတစ်ကြိမ်ပဲ ရှိပါသည်။

လင်းခက်က သူ့ရှေ့မှာ ဒေါက်ဖိနပ်ကိုကိုင်ကာ အားရ ပါးရရယ်နေသော ထိုကျောင်းသူကို ငေးကြည့်ကာ ပထမ ပျော်ကာသွား၏။ နောက်. . .သတိရကာ ဦးနှောက်ချောက် သွားသည်။ သူလုံးဝမသိသော ထိုကျောင်းသူက သူ့ကိုဘာ ကြောင့် လင်းခက်ဟု ခေါ်ရသနည်း။ သူ့ကို ဘယ်လိုလုပ်သိနေ ရသနည်း။ သူ့ကို ဘယ်လိုလုပ်သိနေရသနည်း။

mgyoe.com

mgyoe.com

"အစ်မက. . .ကျွန်တော့်ကို ဘယ်လိုလုပ် သိနေတာလဲ. . .လင်းခက်လို့ ခေါ်တယ်နော် ဟုတ်လား"

"ဟုတ်တယ်. . .လင်းခက် ငါ မင်းကို သိတယ်။ ထားပါ မင်း အခု သိပ်ချမ်းနေပြီ၊ မင်း. . .ဘာလုပ်မှာလဲ"

"ကျွန်တော် ကင်တင်းကိုသွားမှာ. . .ဟိုမှာ ကျွန်တော့် သူငယ်ချင်းတွေ ရှိလိမ့်မယ်. . .သူတို့နဲ့ ကျွန်တော့်လွယ်အိတ် ပေးလိုက်တာ. . ."

"မင်းက ဘာဖြစ်လို့ သူတို့နဲ့ လိုက်မသွားတာလဲ"

မနက်က မိုးရွာထဲမှာ. . .နွယ်ဦးနှင့် သူ ထီးမပါကြ။ ကိုဦးဆွေက ထီးပါသည်။ သူ့လွယ်အိတ်ကို နွယ်ဦးနှင့် ကိုဦးဆွေ ကိုပေးလိုက်ရင်း လင်းခက်က မိုးတိတ်မှ လာခဲ့မည်ဟုပြောကာ အဓိပတိလမ်းထိပ်မှ. . .စစ်ဆေးရေးဂိတ်တွင် မိုးဝင်ခိုနေခဲ့သည်။ မိုးကို ခဏကလေးတိတ်မည် ထင်ထားသော်လည်း. . . တော်တော်နှင့် မတိတ်သဖြင့် စိတ်ရှည်စွာ. . .လမ်းထွက် အလျှောက်တွင် ထိုပြဿနာများနှင့် ဆုံခဲ့ခြင်းသာဖြစ်ပါသည်။

"သုံးယောက်ကို ထီးတစ်ချောင်းပဲပါလို့. . .သူတို့ကို သွားခိုင်းလိုက်တာ"

"ဪ. . .မင်း သိပ်ချမ်းနေပြီ"

"ရပါတယ်. . .အစ်မက ကျွန်တော့်ကို သိတယ်နော်"

"သိတယ်. . .မင်းကို ငါ ကောင်းကောင်းသိတယ် လင်းခက်၊ နောက်ဆုံးကြတာပေါ့။ မင်း အရင်ဆုံး နွေးနွေးထွေးထွေး

mgyoe.com

ဖြစ်အောင်လုပ်လိုက်. . .သွားမယ်နော်”

ဖျတ်ခနဲ ရိုစီ လှည့်ထွက်ခဲ့သည်။ သူမ ပြောခဲ့သော နောက်ဆုံးစကားသည် ယောက်ျားလေးတစ်ယောက်အတွက် ပထမဦးဆုံးပြောခဲ့သော စိုးရိမ်စကားသာ ဖြစ်ပါသည်။

ထိုယောက်ျားလေးသည် လင်းခက်ဖြစ်သည်။

လင်းခက်ကို သူမ ပါးရိုက်ဖို့ ရည်ရွယ်ခဲ့သည်။ သို့သော် လင်းခက်က သူမ ဖိနပ်ဒေါက်ကို ခက်ခက်ခဲခဲ အရှက်ကွဲခံပြီး ယူပေးခဲ့သည်။

ထို. . .လင်းခက်ကို ရိုစီ ကောင်းကောင်းကြီး သိခဲ့သည်။ ရင်းရင်းနှီးနှီး သိခဲ့သည်။

သို့သော်. . .ထိုလင်းခက်က သူမကို မမှတ်မိ။ ရိုစီ ပြုံးကာ အိကိုဘက် လျှောက်လာခဲ့သည်။

ဘွဲ့နှင်းသဘင်ဘက် လျှောက်သွားသော သူ့ကို သိပြီး သူက မသိသော. . .သူ့ကို တစ်ချက်မှပြန်လှည့်မကြည့်သော မိန်းကလေးကို လင်းခက်ငေးနေသည်။ သူ့ကို ပါးရိုက်ဖို့ရည်ရွယ်ခဲ့သော ထို. . .မိန်းကလေးက သူ့ကိုသိသည်ဆိုပါလား။

လင်းခက် တော်တော် ချမ်းနေပြီ ဖြစ်ပါသည်။

“မိုးမှုန်တိုင်းထဲမှာ မင်းက မဏိမေခလာကို ကယ်ခဲ့တယ်ပေါ့ ဟုတ်လား လင်းခက်. . .”

“မဖြစ်နိုင်တာကွာ မေခလာနတ်သမီးက ဒေါက်ဖိနပ် စီးပါ့မလား. . .ဟား. . .ဟား. . .ဟား. . .”



mgyoe.com

mgyoe.com

နွယ်ဦးနှင့် ကိုဦးဆွေက သူတို့စကားကို သူတို့သဘောကျကာ တဟားဟား ရယ်နေကြသည်။ လင်းခက်က အင်္ကျီကို ချွတ်ကာ ကင်တီးထဲက လက်ဖက်ရည်ဆိုင်မှာ မီးကင်ဖို့ ပေးထားရပြီ။ နွယ်ဦး အနွေးအင်္ကျီကို ဝတ်ထားရ၏။ ဘောင်းဘီက တော့ မတတ်နိုင်။ အစိုအတိုင်း နေရသာရှိသည်။ မနက်က ကြုံခဲ့သည့်ကိစ္စကို ပြန်ပြောပြပြီး လင်းခက်ကိုယ်တိုင်လည်း ထိုကိစ္စကိုပင် ပြန်စဉ်းစားနေမိသည်။

"နေပါဦး. . .ငါတို့ကသာ နတ်သမီးတွေ ဘာတွေပြောနေတာ အဲဒီ ကျောင်းသူက ချောလား"

"ချောတယ်. . .ဒါပေမဲ့ ဒေါသလည်း ကြီးတယ်"

"ထင်သားပဲ. . .ရုပ်ဆိုးဆိုး မိန်းကလေးတစ်ယောက်ရဲ့ ဒေါက်ဖိနပ်ခွာကိုတော့ ရေမြောင်းထဲက ခဲရာခဲဆစ် မင်း ယူမပေးလောက်ဘူးလို့"

"မဟုတ်ဘူး နွယ်ဦး. . .သူ လဲကျသွားတော့ သူ့မျက်နှာကို ငါမြင်ရတာမဟုတ်ဘူး။ ငါ ရိုးရိုးသားသား ကူညီတာ"

"အေးလေ. . .ငါကလည်း ဒါကြောင့် မင်း သူ့မျက်နှာကို မြင်ပြီးမှ ကူညီတာကို ရွေးပြောတာပေါ့ကွ"

စကားသံ တိတ်သွားပြန်သည်။ လင်းခက် လက်ဖက်ရည်ပူပူကို တစ်ငုံသောက်သည်။ နွယ်ဦး ပြောသလိုမျိုးတော့ မဟုတ်. . .'လင်းခက်'. . .ဆိုသောအသံ။ ထိုလှမ်းခေါ်သည့် အသံကြောင့်သာ သူ ကူညီခဲ့ခြင်းဖြစ်သည်။ ထိုကျောင်းသူက

mgyoe.com

သူ့ကို သိနေသည်။ သူကတော့ ဘယ်လိုမှ စဉ်းစား၍မရ။ ထို ပဟေဠိကို သူငယ်ချင်းများကို လင်းခက် ပြန်ပြောသည့်အခါ ထည့်မပြောခဲ့။ သူကိုယ်တိုင် မသိသောကြောင့် ဖြေရှင်းရခက် မည်ကို စိုးရိမ်သည့်အတွက်ဖြစ်သည်။

"တကယ်လို့ကွာ. . .အဲဒီကျောင်းသူက မင်းကို ပါးရိုက် ခဲ့ရင်ရော. . ."

ကိုဦးဆွေစကားကြောင့် လင်းခက် မျက်မှောင်ကုတ် ကာ စဉ်းစားရသည်။ သူ့ကိုရိုက်ဖို့ လွှင့်တက်သွားသော ထိုလက် ချောင်းများသာ သူ့ပါးပြင်ပေါ် ကျလာခဲ့လျှင်. . .

"လင်းခက်. . ."

ခေါ်သံနှင့်အတူ သက်သက်စံ. . .သူတို့စားပွဲနားရောက် လာသည်။ နှင်းဆီကတော့ ခပ်လှမ်းလှမ်းမှာရပ်၍နေ၏။ လင်း ခက်လှမ်းကြည့်တော့ နှင်းဆီက မျက်လွှာကို အသာချသည်။ စဉ်းစားနေသည့်ကိစ္စများကို ခေတ္တရပ်ကာ လင်းခက်ထိုင်ခုံပေး ရသည်။ ဒီနေ့. . .လင်းခက်က နှင်းဆီကို ရှင်းပြရန်၊ တောင်းပန် ရန် ချိန်းထားခဲ့ခြင်းသာ ဖြစ်၏။

"နှင်းဆီ လာလေဟာ. . .ထိုင်"

သက်သက်စံ လှမ်းခေါ်မှ နှင်းဆီ ခပ်နှေးနှေးဝင်လာ ကာ သက်သက်စံနံဘေးတွင် ဝင်ထိုင်သည်။

"ခုံကို သေသေချာချာကြည့်ဦးနော်. . .ကောင်းရဲ့လား၊ ခိုင်ရဲ့လား"

mgyoe.com

mgyoe.com

နွယ်ဦးစကားကြောင့် အားလုံးပြုံးဖြစ်ကြသည်။ နှင်းဆီက အားလုံးအပြုံးပြီးသွားမှ ပြုံးခြင်းဖြစ်သည်။

"ကဲ. . .လင်းခက်. . .ငါတို့ကိစ္စကို ခဏထားဦး. . .မနက်က မိုးရေကြီးထဲမှာ နင်ဘာဖြစ်နေတာလဲ ရေမြောင်းထဲဆင်းပြီး. . .အဲဒါ. . .အရင်ပြော. . ."

လင်းခက် ဒုတိယအကြိမ် ပြောရပြန်သည်။ သို့သော် သက်သက်စံတို့ကို ပြန်ပြောသည့်အခါ ပါးရိုက်ဖို့မြှောက်လိုက်သော ထိုကျောင်းသူ၏လက်များအကြောင်းနှင့် သူ့ကိုလှမ်းခေါ်သံအကြောင်းများ မပါ. . .။ တမင်ထိန်ချန်ထားခြင်းတော့ မဟုတ် ပြော၍မထွက်ခြင်းသာဖြစ်သည်။ ရှက်၍လည်းမဟုတ် ပြော၍ မရခြင်းသာဖြစ်သည်။

"ဖြစ်ရလေ. . .လင်းခက်ရယ်. . .နင်ကြုံလိုက်ရင် အူကြောင်ကြောင်ချည်းပဲ. . .ကဲ. . .နှင်းဆီ တွေ့ပြီလား လင်းခက်က အဲဒီလိုကောင်မျိုး. . .နှင်းဆီကိုလည်း သူတမင်လုပ်တာ မဟုတ်ဘူး. . .ဒီကောင်က အဲဒီလိုပါပဲ"

နှင်းဆီက သူ့ကို ဒုတိယအကြိမ်မျက်လွှာပင့်ကာကြည့်သည်။ ထိုမျက်ဝန်းတွင် စူးရှတောက်ပသော မာနမပါ။

"ဟုတ်ပါတယ် နှင်းဆီ. . .ပထမ ငါးကိစ္စရော. . .ထိုင်ခုံကိစ္စရောက အမှတ်တမဲ့ဖြစ်ရတာချည်းပါပဲ. . .ကြိုတင်ကြံစည်ထားတာ လုံးဝမပါဘူး"

"ထားပါတော့. . .ဒါနဲ့. . .အဲဒီ ငါးက ဘယ်လိုလုပ်ပြီး

mgyoe.com

mgyoe.com

နှင်းဆီခြင်းထဲ ရောက်နေတာလဲ”

နားမလည်သည့်မျက်နှာနှင့် သိချင်စိတ်ကြီးစွာ မေးသော နှင်းဆီစကားသံကြောင့် အားလုံးက ပြုံးသည်။ နှင်းဆီက သူ့ကိုစိုက်ကြည့်နေ၏။ သူ့ပုံစံက ကိုးရိုးကားရား အင်္ကျီမရှိ၊ အနွေးအင်္ကျီနှင့် ဆံပင်တွေက ရေခြောက်စ၊ ဘောင်းဘီအရှည်က ရေ တစက်စက်နှင့်. . .။

“အဲဒီတုန်းကု. . .ကျွန်တော်က ငါးမျှားနေတာ. . .အဲဒီငါးက ကျွန်တော် ပထမဦးဆုံးမိတဲ့ငါး ကိုင်းကလွတ်ထွက်ပြီး ကြဲကြဲဖန်ဖန် နှင်းဆီဆွဲခြင်းထဲ ဝင်သွားတာ. . .”

“နှင်းဆီကလည်း. . .ဘယ်လိုမှ အမိပွားယ်မရှိတဲ့အဖြစ်ကြီးမို့ မယုံတာ. . .နှင်းဆီဆွဲခြင်းထဲက ငါးတစ်ကောင် ထွက်လာတော့မှ. . .”

နှင်းဆီက စကားကိုဆက်မပြော. . .ခေါင်းကိုငုံ့ကာပြုံးသည်။ နွယ်ဦးက မျက်လုံးပြူးကာ ပခုံးကိုတွန့်၏။ ကိုဦးဆွေက သက်သက်စံကို မေးဆတ်ကာပြသည်။

“ဒါဆို. . .နှင်းဆီနဲ့ လင်းခက် ပြေလည်သွားပြီပေါ့. . .ဟုတ်လား နှင်းဆီ”

သက်သက်စံက ပခုံးဖြင့် တိုက်သည်။ နည်းနည်းယိုင်သွားသော ပခုံးကို ပြန်ဆွဲယူကာ နှင်းဆီ ထပ်မော့ကြည့်တော့ စူးစူးစိုက်စိုက် သူ့ကိုကြည့်နေသော လင်းခက်ကို တွေ့ရသည်။ ခွင့်လွှတ်ဖို့. . .နားလည်ဖို့ ပြီးတော့. . .ခင်မင်ဖို့အသင့်ရှိနေသော

mgyoe.com

mgyoe.com

ယောကျ်ားတစ်ယောက်၏ မျက်ဝန်းအကြည့်သည် ပြန်လည် ဆွဲယူလိုက်သော နှင်းဆီမျက်ဝန်းထဲ ကပ်ငြိ၍ပါလာသည်။

ထိုအကြည့်ကြောင့်ပင် နှင်းဆီပြောရမည့်စကားတွေ ဘယ်ရောက်သွားမှန်းမသိ ဖြစ်ကုန်သည်။ အသံတိတ်နေသော နှင်းဆီကို လင်းခက်က. . .ထပ်မေးသည်။

"နှင်းဆီက. . .ကျွန်တော် ရှင်းပြတဲ့စကားတွေကို မယုံတာလား. . .။ ဖြစ်ခဲ့တဲ့အဖြစ်တွေကို စိတ်ဆိုးနေတာလား"

"ဟင့်အင်း. . .ပထမတော့ နှင်းဆီက တမင်လုပ်တာလို့ ထင်ထားတာပါ။ နှင်းဆီကိုယ်တိုင်ကြုံမှ ယုံသွားတာ ဟိုနေ့ကကိစ္စက နှင်းဆီတမင်လုပ်တာ မဟုတ်ပါဘူး"

လင်းခက်လက်ကို မားထိသွားသည့်ကိစ္စကို နှင်းဆီရည်ရွယ်၍ ပြောခြင်းဖြစ်ပါသည်။

"ကျွန်တော် ဖြစ်ကတည်းက သိပါတယ်. . .ဒါကြောင့် ကျွန်တော် ဆရာမကို ဘာမှမပြောခဲ့တာပေါ့။ ဘာသာရေးမှာ ရှိတယ်လေ. . .စိတ်မပါရင် ကံမမြောက်ဘူးတဲ့။ နှင်းဆီမှာ ကျွန်တော့်ကို မားထိပါစေဆိုတဲ့စိတ် မရှိပါဘူး"

"ဟုတ်ပါတယ်. . .အဲဒီအထိတော့ မရှိသေးပါဘူး"

အဲဒီနေ့က ထိုထက်ပိုပြီး ဒေါသဖြစ်လာလျှင်တော့. . . နှင်းဆီသည် ကိုယ်ရောစိတ်ရော ရည်ရွယ်ချက်ရော ဘာဖြစ်သွားမည်ဆိုတာကို နှင်းဆီလည်း မသိနိုင်ခဲ့။ ဒါကို နှင်းဆီအခုအမှန်အတိုင်း ဝန်ခံလိုက်ခြင်းသာဖြစ်သည်။ နှင်းဆီသည် လင်း

mgyoe.com

mgyoe.com

ခက်ထင်ထားသလို အပြစ် ခပ်ကင်းကင်းနှင့် အရာရာကို ကြောက်လန့်တတ်၊ အရှုံးပေးတတ်၊ လိုက်ရောတတ်သော မိန်းကလေးမဟုတ်ဆိုတာကို လင်းခက် သေသေချာချာသိထားစေချင်သည်။

နှင်းဆီ၏ နောက်ဆုံးစကားကြောင့် လင်းခက်မျက်နှာ အနည်းငယ်တည်သွားသည်။

"ဒါဆိုရင်. . .နှင်းဆီ အဲဒီကိစ္စအတွက် ဘာမှအပြစ်မရှိတာ ပိုသေချာတာပေါ့၊ ကဲမပြောက်ပေမယ့်. . . ကျွန်တော် ဒဏ်ရာတစ်ခုတော့ ရသွားတယ်။ အဲဒီအတွက် ကျွန်တော် နှင်းဆီဆီက တစ်ခုပြန်လိုချင်တယ်"

လင်းခက်စကားကို စားပွဲခုံကို စိုက်ကြည့်ရင်း နားထောင်နေရာမှ ဝုန်းခနဲ နှင်းဆီ လင်းခက်ကို မော့ကြည့်လိုက်သည်။ လင်းခက်မျက်နှာသည် တည်ငြိမ်ကာ အရယ်အပြုံးမရှိဘဲ နှင်းဆီကို ကြည့်နေခြင်းဖြစ်၏။ နှင်းဆီက စကားကို ချက်ချင်း မပြောသေးဘဲ လင်းခက်ကို ခပ်စူးစူးစိုက်ကာကြည့်သည်။ ထိုသို့ ကြည့်ပြီးလျှင် နှင်းဆီပြောသောစကားသည် လုံးဝ ပြတ်သား ခိုင်မာသော စကားမျိုးသာဖြစ်သည်။

"ဟုတ်ပြီ. . .ကျွန်မဆီက ဘာပြန်လိုချင်တာလဲ. . .နှင်းဆီလက်မောင်းကို နှင်းဆီ ဓားနဲ့လှီးပစ်ရမလား"

လင်းခက်က လက်ခနဲပြုံးသည်။ အခြေအနေက ရုတ်တရက်ပြောင်းသွားသဖြင့် သူငယ်ချင်းများ မျက်လုံးပြူးသွား

mgyoe.com

mgyoe.com

ကြ၏။ သက်သက်စက အလန့်တကြား "ဟဲ့" ဟု အော်သည်။

"ကိုခဥပဒေကို ကျွန်တော် ဘယ်တုန်းကမှ မကြိုက်ခဲ့ဘူး နှင်းဆီ **An Eye For An Eye** ဆိုတာ ထူတယ်ထင်ရပေမယ့် မတူဘူး။ မျက်လုံးအဖောက်ခံရတဲ့လူတစ်ယောက်မှာ သူ့ကိုလုပ်တဲ့လူ မျက်လုံး ပြန်ဖောက်ခံရတဲ့အတွက် ဘာမှ မရလိုက်ဘူး။ တရားတယ်ထင်ရပြီး မတရားတဲ့ကိစ္စ. . .ကျွန်တော် နှင်းဆီဆီက လိုချင်တာ ကလဲ့စားချေတာမဟုတ်ဘူး"

"ဒါဆိုရင်. . .ဘာလဲ"

"အကျိုးအမြတ် တစ်ခုခု လိုချင်တာ"

"အကျိုးအမြတ်. . ." မျက်မှောင်ကျုံ့ရင်း နှင်းဆီစိတ်ထဲက ရေရွတ်ကြည့်မိသည်။ သူ့ကိုဓားနဲ့ ခြစ်မိတဲ့အတွက် ဘာအကျိုးအမြတ်ကို ယူချင်တာလဲ။ အကျိုးအမြတ်ကို မျှော်လင့်လေ့ရှိသည့် ယောက်ျားမျိုးကို နှင်းဆီအထင်ကြီးလေ့ မရှိပါ။ ထိုအတွေးကြောင့် နှင်းဆီ ဖျတ်ခနဲ ပြုံးလိုက်သည်။

"ဘာ. . .အကျိုးအမြတ်ကို ရှင်က မျှော်လင့်နေတာလဲ"

"အဲဒီတုန်းက ကျွန်တော် အံ့သြသွားတယ်၊ လုံးဝထင်မထားလို့ အံ့သြသွားတာ. . .အဲဒီခံစားမှုကိုပဲ နှင်းဆီဆီက ပြန်လိုချင်တာပါ"

လင်းခက်၏ ဒုတိယစကားကြောင့် နှင်းဆီ တော်တော်အံ့သြသွားခဲ့ရသည်။ အံ့သြမှုကို ပြန်လိုချင်တာ အဲဒီအံ့သြမှုက ဘာတဲ့လဲ. . .။ ဖျတ်ခနဲ ပြန်မော့ကြည့်သော နှင်းဆီ၏ နား

mgyoe.com

mgyoe.com

မလည်သည့်မျက်ဝန်းကို လင်းခက်က ပြုံးကာကြည့်ရင်း. . . အဖြေပေးသည်။

"ကျွန်တော် နှင်းဆီဆီက ပြန်လိုချင်တာ. . .နှင်းဆီနဲ့ သူငယ်ချင်းဖြစ်ဖို့ပါပဲ"

မျှော်လင့်မထားသော စကားဖြစ်သဖြင့် နှင်းဆီရင်ထဲ ဖျတ်ခနဲထိတ်ကာ ခေါင်းကိုငုံ့လိုက်ရသည်။

"ဘယ်လိုလဲ. . .နှင်းဆီ. . .ကျွန်တော် တောင်းတာပေး နိုင်မလား"

လင်းခက်လိုချင်သည့်အတိုင်း အံ့သြသွားရသဖြင့် နှင်းဆီ ကိုယ့်ကိုယ်ကို မခံချင်ဖြစ်သွားရသည်။ သို့သော် ချက်ချင်း မဖြေသေး၊ ရှင်က အံ့သြချင်တာမဟုတ်လား. . .ကောင်းပြီ. . အံ့သြစေရမယ်။

"အဲဒီတောင်းဆိုမှုကို ကျွန်မ မပေးနိုင်ဘူး"

"ဗျာ. . ."

"ဟာ. . ."

"ဟဲ့. . .နှင်းဆီ"

နှင်းဆီကို ပြုံးကြည့်နေသော လင်းခက် မျက်နှာပျက် သွားသည်။ သူငယ်ချင်းများအားလုံးလည်း ထိတ်လန့်ကုန်ကြ၏။ လင်းခက်ပုံစံက ဘာဆက်ပြောရမှန်းမသိတော့သည့်ပုံ။ အခြေအနေက ပြောင်းသွားပြန်ပြီ။

"ရှင့်ကို ကျွန်မတားနဲ့ထိမိတုန်းက အားလုံးအံ့သြသွား

mgyoe.com

mgyoe.com

တာမျိုး ရှင်က ပြန်လိုချင်တာ မဟုတ်လား။ အခု. . .အဲဒါကို ရှင် ပြန်ရတယ်လေ. . .ပြီးရောပေါ့"

"ဟင့်အင်း. . .မဟုတ်ဘူး. . .အဲဒီအံ့သြမှုနှစ်ခုစလုံးကို လုပ်နေတာက နှင်းဆီတစ်ယောက်တည်း ဖြစ်နေတယ်. . .ဒါ ကျွန်တော့်အလှည့်လေ"

နှင်းဆီ ဘာမှပြန်မပြော. . .အသံမထွက်ဘဲ နှုတ်ခမ်းကိုသာ ရယ်ခိုင်းထားလိုက်သည်။ သို့သော်. . .အသံမထွက်သော နှင်းဆီ၏ရယ်သံကို နှင်းဆီကိုယ်တိုင် ကြားနေရပါသည်။ ထို ရယ်သံတွင်. . .လှောင်ပြောင်မှုနှင့် မာနမပါ. . .။

"ကျွန်မ ပြောပြမယ်. . .ပန်းတစ်ပွင့် ပွင့်တယ်ဆိုတာ၊ တောင်းဆိုမှုကြောင့် မဟုတ်ဘူး. . .ဆုတောင်းကြောင့်လည်း မဟုတ်ဘူး၊ ကဗျာဆရာရဲ့ နူးညံ့တဲ့ နှလုံးသားအတွက် ဖြည့် ဆည်းတာလည်း မဟုတ်ဘူး. . .အကြောင်းအရာတွေ တိုက် ဆိုင်မှုကြောင့်ပါ။ အဲဒါကြောင့် ပန်းတစ်ပွင့် ပွင့်တာ. . .ရင်းနှီးမှု တို့. . .ခင်မင်မှုတို့ တောင်းဆိုမှုကြောင့် ကျွန်မ ဘယ်သူ့ကို ဘယ်တုန်းကမှ မပေးခဲ့ဖူးဘူး။ သဘာဝမကျတဲ့. . .ခံစားမှုကို ကျွန်မ မုန်းတယ်"

လင်းခက် ဘာစကားမှ ပြန်မပြောနိုင်တော့၊ ထင်မှတ် မထားသော အဖြေနှင့် တွေးမထားသော အကြောင်းပြချက်တို့ ကြောင့် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိတာလည်း ဖြစ်နိုင် သည်ဟု နှင်းဆီထင်သည်။ နှင်းဆီကို လှမ်းငေးတဲ့ အကြည့်မှာ

mgyoe.com

mgyoe.com

တောင်းပန်နေသံကို နှင်းဆီကြားလိုက်ရသည်။ ထိုအကြည့်သည် သေချာပါသည်။ နှင်းဆီသည် ဘယ်တုန်းကမှယောကျ်ားလေးတစ်ယောက်၏ မပြောခဲ့သောစကားသံကို ကြားခဲ့ဖူးသည့် မိန်းကလေးမျိုးမဟုတ်။ အခု လင်းခက်ကျမှ ဘာဖြစ်လို့ အဲဒီမပြောတဲ့စကားသံတွေကို ကြားနေရတာလဲ. . .။

"နှင်းဆီပြောတာကို ရှင်လက်ခံရင် အဖြေက ရှင်းနေပြီပဲ. . .တောင်းဆိုရုံနဲ့ ပန်းတစ်ပွင့်မပွင့်နိုင်သလို တောင်းဆိုရုံနဲ့ ခင်မင်မှုကို မရနိုင်ဘူး။ ခင်မင်မှုဆိုတာ ရင်ထဲကလာတာ တောင်းဆိုလို့မရဘူး"

"ကျွန်တော် နားလည်ပြီ. . .ကျွန်တော့် တောင်းဆိုမှု မှားသွားတာပေါ့"

"ဟင့်အင်း. . .ရှင့်တောင်းဆိုမှုကို ရှင် ရပြီးသားပါ၊ နှင်းဆီ ရှင့်ကို ခင်ပါတယ်"

"ဗျာ. . ."

"ဟုတ်တယ်. . .အဲဒါ သူ့အလိုလိုဖြစ်တာပဲ. . .ဘယ်တုန်းက ခင်သွားတာလည်း ဆိုတော့ မနက်ခင်း မိုးရေထဲမှာ တွေ့လိုက်တုန်းက. . ."

အားလုံး ခေတ္တတိတ်သွားပြီးနောက်မှ. . .တဟားဟား အော်ရယ်သံများ ထွက်လာကြသည်။ လင်းခက်က နှင်းဆီကို တအံ့တဩ ငေးကြည့်နေခဲ့သည်။ သူ ပထမတော့ နှင်းဆီကို အံ့ဩအောင် လုပ်မည်ဟု ဆုံးဖြတ်ထားခဲ့သည်။ အခုတော့

mgyoe.com

mgyoe.com

တစ်လျှောက်လုံး နှင်းဆီကပဲ သူ့ကို အံ့ဩအောင် လုပ်သွားခဲ့သည်။ သူ အံ့ဩခဲ့ရသည့်. . .သို့သော် သူလိုချင်တာကိုလည်း ရခဲ့သည်။ နှင်းဆီသည် ဘယ်လောက်အထိ သူ့ကို လွှမ်းမိုး ဆွဲဆောင်နိုင်မည့်မိန်းကလေးမျိုးလဲ. . .။

ထိုအတွေးမျိုးဖြင့် သူ ရွှန်းရွှန်းစားစား ငေးကြည့်နေသောအခါ နှင်းဆီက ဖျတ်ခနဲ ပြုံးကာ ခေါင်းကိုငုံ့သည်။ နှင်းဆီမျက်ဝန်းထဲက ရှက်ရိပ်မှာ နှင်းဆီပွင့်တစ်ပွင့်ကို လင်းခက်အသေအချာမြင်လိုက်ရပါသည်။

ထိုနှင်းဆီမျက်ဝန်းထဲတွင် သူမြင်လိုက်ရသော နှင်းဆီပွင့်သည် အကြောင်းတိုက်ဆိုင်လို့ ပွင့်လာခဲ့တဲ့ နှင်းဆီ တစ်ပွင့်လား. . .။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## အခန်း [၄]
## 'မာနုဿ၏ ဝန်းဝှင်း'

ရေစိုနေသော မြေပြင်. . .ကားလမ်းမပေါ်မှ ရေအိုင်များ. . .သစ်ရွက်များပေါ်မှ ခုန်ချနေသော ရေစက်ပေါက်များ. . နှင့် နေရောင်တွင် စိမ်းမြကြည်လင်နေသော သစ်ရွက်များသာ ရှိမနေဘူးဆိုလျှင် မနက်ခင်းတုန်းက မိုးသဲကြီးမဲကြီး ရွာခဲ့ပါသည် ဆိုခြင်းကို မည်သူမှ မယုံကြည်စရာကောင်းလောက်အောင်ပင် ကောင်းကင်က ကြည်လင်သန့်ရှင်းနေခဲ့သည်။

ရေစိုသွားသော ဆောင်းဦးရက်တစ်ရက်အဖြစ် ထိုနေ့သည် အေးစက် ငြိမ်ခဲနေကာ လူတွေ အားလုံးက လေးလံထိုင်းမှိုင်းစွာ လှုပ်ရှားနေကြသည့်အတွက် ရိုစီ၏ ရယ်သံက ပို၍ ရွှင်မြူးနေသလို ထင်ရသည်။

mgyoe.com

mgyoe.com

လှည်းတန်းဈေးမှာ ဖိနပ်တစ်ရံအသစ် သွားဝယ်ပြီး နောက် ချာပြုတ်သွားသော ဒေါက်ဖိနပ်ကို လွှင့်ပစ်လိုက်မည်ဟု စဉ်းစားပြီးမှ ရိုစီပြန်ယူလာခဲ့သည်။ သူ ဘာကြောင့် သုံးမရတော့သည့် ဖိနပ်အပေါ်မှာ မစွန့်ပစ်ရက်လောက်အောင် တန်ဖိုး တစ်စုံတစ်ရာ ထားမိတာလဲ။ အဲဒါကို ရိုစီ မသိ။ စဉ်းလည်း မစဉ်းစား။ ခံစားမှုအတိုင်း ပြန်ယူလာခဲ့ခြင်းသာ ဖြစ်သည်။

ရိုစီသည် အစွဲအလမ်း သိပ်မရှိသော မိန်းကလေး တစ်ယောက်သာ ဖြစ်သည်။

ဖိနပ်တစ်ရံမပြောနဲ့. . .လူတစ်ယောက်၊ သူငယ်ချင်း တစ်ယောက်ကိုပင် သိပ်စွဲလမ်းတတ်သူမဟုတ်။ စွဲလမ်းနှောင်ဖွဲ့ရခြင်းသည် ဘာတစ်ခုမှ တည်မြဲခြင်း မရှိသော လောက အတွက် ရှောင်ကြဉ်အပ်သော တရားဓမ္မတစ်ခုဟု ယူဆကာ စွဲလမ်းခြင်းကို ရှောင်ရှားမှုမျိုး မဟုတ်ဘဲ မည်သည့်အရာဝတ္ထု မည်သည့်အရာကိုမှ အလေးအနက်မထားသော ငါဆိုသည့် မာနတစ်ခုတည်းဖြင့် မည်သည့်အရာကိုမှ မစွဲလမ်းတတ်ခြင်း ပင် ဖြစ်သည်။

ထို့ကြောင့် ရိုစီ၏စွဲလမ်းမှုကင်းခြင်းသည် တည်ငြိမ်မှု ဖြစ်မလာဘဲ ရက်စက်ခြင်းသာ ဖြစ်သွားခဲ့သည်။ မွေးကတည်း က လိုချင်တာ ချက်ချင်းရသည်။ တစ်ဦးတည်းသော သမီး အဖြစ် မိခင်ဖခင်တို့ အချစ်ကို ဂရုတစိုက်ရခဲ့သည်။ ငွေကြေး

mgyoe.com

mgyoe.com

ချမ်းသာသဖြင့် လိုချင်သမျှ အရာအားလုံးကို အချိန်မရွေး ရနိုင်သည်။ အလှအပကြောင့် ကိုးကွယ်ချင်သူတို့ ဝိုင်းဝိုင်းလည်နေခဲ့သည်။ ရည်းစားဦးဆိုတာ ရိုစီမှာ မရှိ၊ ရှိလျှင် (၃)ဦး ဖြစ်နိုင်သည်။ ရိုစီသည် ပထမဦးဆုံးချစ်သူ (၃)ဦး ထားခဲ့ခြင်း ဖြစ်သည်။ မည်သူ့ကို ချစ်ရမှန်းမသိ။ မည်သူ့ကို စွဲလမ်းရမှန်း မသိ။ တစ်ယောက်ကမှလည်း သူ့စိတ်ဆန္ဒကို ပြည့်စုံအောင် မလိုက်လျောနိုင်။

ရိုစီအလှက ပထမနှစ်မှ စပြီး ဒုတိယနှစ်မှာ ကျဆုံးသွားသောအလှမျိုး မဟုတ်. . .။ သူတို့စီးပွားရေးတက္ကသိုလ်မှာ စတုတ္ထနှစ်အထိ အလှဆုံးဆိုသည့် ဘွဲ့ကို ရည်းစားအများဆုံး အသည်းခွဲဆုံးသော ပညတ်ကို စိတ်ဝင်စားစရာ အကောင်းဆုံး အရက်စက်ဆုံး ဆိုသောဘွဲ့ကို တစ်ဦးတည်းပိုင်ဆိုင်ထားသူမှာ သူတစ်ဦးတည်းသာ ရှိသည်။

တက္ကသိုလ်ဆိုတာ အလှတွေ ပေါသည့်နေရာ၊ တစ်ဦးထက် တစ်ဦးက လှဖို့ အမြဲအသင့်ရှိနေတဲ့ နေရာ၊ တစ်ယောက်အလှကို တစ်ယောက်က အလဲထိုးဖို့ အမြဲတမ်းအခွင့်အရေးရှိနေသည့်နေရာ၊ ကမ္ဘာ့ချန်ပီယံလက်ဝှေ့ကျော်တစ်ဦး သရဖူမစွန့်လွှတ်ခင်ပင် တက္ကသိုလ်တွင် အလှတရားသည် သုံးလေးငါးဦး ပြောင်းသွားတတ်သည်။ ရည်းစားရပြီး နောက်ကောက်ကျသွားသူတွေ၊ ရည်းစားမရဘဲ ငြိမ်သွားသူတွေ ဒုနဲ့ဒေး. . .။ နှစ်တိုင်း နှစ်တိုင်းအတွက် အလှဆုံးဆိုသည့် သရဖူကို ရည်းစား

mgyoe.com

mgyoe.com

တွေ တော်တော်များများထားပြီး ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမှာ ရိုစီအတွက်တော့ အခက်အခဲလုံးဝမရှိသော အဖြစ်တစ်ခုသာ ဖြစ်သည်။ မိခင်တစ်ယောက်က သူ့ကလေးငယ်ကို ဒဏ်ရာ အနာတရမဖြစ်စေဘဲ ကြီးထွားလာအောင် ထိန်းသိမ်းတတ်သလို ရိုစီက သူ့အလှကို လုံးဝဒဏ်ရာမရစေဘဲ လှမြဲလှနေအောင် ထိန်းသိမ်းတတ်သည်။

သူငယ်ချင်းအများကြီးနှင့် အမြဲတမ်း ပျော်ရွှင်နေခြင်း နှစ်အလိုက် ခေတ်အလိုက်ပေါ်လာသော အဝတ်အစားဖက်ရှင်များနှင့် ရိုစီကိုယ်ခန္ဓာအလှသည် အမြဲတမ်းလိုက်ဖက်နေခြင်း၊ မည်သည့်ယောကျ်ားလေးသူငယ်ချင်းကိုမှ မယုံကြည်သော်လည်း အမြဲဆက်ဆံနေခြင်း၊ ရိုစီ၏ စိတ်အပြောင်းအလဲကို ဖမ်းမိနိုင်သူမရှိခြင်းစသော အကြောင်းအရာများစွာက ရိုစီကို ကာကွယ်ပေးထားခဲ့သည်။

အသက် ဆယ့်ခုနစ်နှစ်မှာ ဆယ်တန်းအောင်သော အသက် (၂၁) နှစ်သာ ရှိသေးသည့် ရိုစီသည် ဆယ့်ရှစ်နှစ်သမီးလေးလိုလည်း ရှက်သွေးရဲနေသည်။ ဆယ့်ငါးနှစ် မိန်းကလေးတစ်ယောက်လိုလည်း ကလေးကလားဆန်သည်။ အသက် (၃၀)အရွယ် မိန်းကလေးတစ်ယောက်လိုလည်း အတွေ့အကြုံစုံပြီး ညင်သာစွာ ရှောင်ရှားတတ်သည်။ အသက် (၂၁)အရွယ် ရိုစီလိုလည်း မာနာထားတတ်လေသည်။

ပြုံးနေသော ရိုစီ့နှုတ်ခမ်းသည် တစ်ခါတစ်ရံ နှစ်လိုဖွယ်

mgyoe.com

mgyoe.com

ဖိတ်ခေါ်သည်။ တစ်ခါတစ်ရံတော့ အေးစက်မာကျောစွာ ရက်စက်သည်။ တစ်ခါတစ်ရံ ဖြူစင်နူးညံ့လိုဖွယ်ရာ ကြည်လင်နေတတ်၏။ အလှမွေးငါးကန်ထဲက ရွှေငါးလေး ဘယ်ကိုကူးသွားမည်ဆိုတာကို ဘယ်သူမှ မခန့်မှန်းတတ်သလိုပင် ရိုစီ ဒီနေ့ ဘာလုပ်မယ်ဆိုတာကို ဘယ်သူမှမသိ။ ရိုစီ ရင်ထဲမှာ ဘာရှိနေသည်ကို ဘယ်သူမှမပြောနိုင်။

ဒီနေ့ ပန်းပွင့်တွေအားလုံးကို ရိုစီက နိုင်ချင်ရင် နိုင်နေမည်။ မနေ့ညက အိပ်မက်ကို ဒီနေ့ရအောင်လုပ်ချင် လုပ်မည်။ မနက်ဖြန်မှာ စီစဉ်ထားသည့်ကိစ္စကို ဒီနေ့ရအောင် ကြိုးစားချင်ကြိုးစားမည်။ မြန်မာအကကိုလည်း. . .ရိုစီ ကောင်းကောင်းကတတ်သည်။ ရော့ခ်နှင့် ပေါ့လ်အကကိုလည်း ကတတ်သည်။ ဂူရှူးလေ့ကျင့်ခန်းလည်း ယူသည်။ မော်ဒယ်လမ်းလျှောက်လည်း သင်သည်။ စကိတ်လည်း စီးသည်။ တိုက်ကွမ်ဒိုလည်း သင်သည်။ သို့သော်. . .ဘယ်တော့မှ ပန်းမပန်။ မိန်းကလေးတစ်ယောက်သည် သူ့အလှကို သူ ယုံကြည်သည်ဟုဆိုလျှင် ပန်းတွေအားလုံး ဒီကမ္ဘာပေါ်မှာ မရှိလည်း ဖြစ်သည်ဟု ရိုစီ ထင်သည်။ သိပ်လှပါသည် ဟူသော ပန်းတစ်ပွင့်သည် သူ့ကို ပြိုင်တာဟု ရိုစီက ထင်သည်။ သူ့ကိုပြိုင်သည့် ပန်းပွင့်ရဲ့ အကူအညီကိုယူပြီး သူက လှရမည်လား. . .။

သိပ်လှသည့်ပန်းတစ်ပွင့်နှင့် ရိုစီကို အတူချထားပြီး ဘယ်သူ့ကို ယူမလဲဟု မေးလျှင်. . .ထိုပန်းပွင့်ကို မည်သည့်

mgyoe.com

mgyoe.com

ယောကျ်ားလေးက ရွေးမှာလဲ။ ရိုစီအတွက်တော့ ပန်းပွင့်များသည် အပိုသာဖြစ်သည်။

ရိုစီက သူ့မအလှကို ယုံသည်။ သူ့ အလှကို သူ့မာနက ယုံသည်။ ယုံကြည်တိုင်းလည်း ဖြစ်ခဲ့သည်။

ပထမနှစ်တုန်းက. . .နာမည်တော်တော်ကြီးသော ကျောင်းသားတစ်ယောက် ပေါ်ခဲ့ဖူးသည်။ မြတ်စိုးထင်ဟု ခေါ်သည်။ ရုပ်ချောသည်။ တည်ကြည်သည်။ စာတော်သည်။ မည်သည့် မိန်းကလေးကိုမျှ မရော။ ရိုစီတို့ အီကိုပထမနှစ်မှာ တော်တော်နာမည်ကြီးသည့် ယောကျ်ားတစ်ဦး။ မိန်းကလေး များစွာက အရောဝင်ကာ ချစ်ဖို့ ကြိုးစားနေသည့် ယောကျ်ားတစ်ဦး။ ရိုစီက တစ်ကျောင်းလုံးက မိန်းကလေးတွေကို (၃) လ အကြော ပေးထားလိုက်သည်။ သို့သော် ထို(၃)လအထိ မြတ်စိုးထင်ကို မည်သူမျှ ရအောင် မဆွဲခေါ်ဆောင်နိုင်။

သုံးလပြည့်ပြီး နောက်နေ့တွင် မြတ်စိုးထင်ကားနှင့် ရိုစီကားတို့ ဝင်တိုက်မိကြသည်။ ရိုစီက ငွေလေးသောင်းကျော် လျော်လိုက်ရသည်။ တစ်ပတ်အတွင်း ရိုစီနှင့် မြတ်စိုးထင်တို့ ချစ်သူဖြစ်သွားကြသည်။ ပွဲက ပြီးပြီ။

ရိုစီက ပထမနှစ်မှာပင် မြတ်စိုးထင်နှင့် နောက်တစ်ယောက်ကို တစ်ပြိုင်နက် ရည်းစားထားခြင်းဖြစ်သည်။ မြတ်စိုးထင် သိသွားသည့်အခါ ရိုစီကို ကားတင်ပြေးဖို့ ကြိုးစားသည်။ ရိုစီက မြတ်စိုးထင်ကို ဖြတ်ပစ်လိုက်သည်။ မြတ်စိုးထင် မျက်

mgyoe.com

mgyoe.com

ရှည်နှင့် မျက်ခွက် ဖြစ်သွား၏။ သူ့ကို ပြန်ချစ်ဖို့ နေ့စဉ် လာတောင်းပန်နေခဲ့သည်။ သို့သော်. . .ရိုစီက လှည့်မကြည့်တော့။

ရိုစီသည် လူတွေ အမြဲတမ်းလာနေသော အံ့ဩဖို့ကောင်းသည့် ဥယျာဉ်ထဲမှာရှိနေသည့် အရမ်းလှပြီး လွတ်လပ်နေသောပန်းတစ်ပွင့်သာ ဖြစ်ချင်သည်။ သူ့ကို မည်သူမှ ပိုင်ခွင့်မပေး။ မြတ်စိုးထင်နှင့်ကိစ္စကို တစ်ကျောင်းလုံးက သိသွားသည်။ ရိုစီ၏ နာမည်သည် အထင်ရှားဆုံး ဖြစ်သွား၏။ ရက်စက်သောဘီလူးမ၊ အသည်းခွဲတတ်သည့် စုန်းမဟု မိန်းကလေးတွေက ပြောကြသည်။ သို့သော် ရိုစီနံဘေးမှာ ယောကျ်ားလေးတစ်ယောက်လောက်တော့ အမြဲတမ်းရှိနေခဲ့သည်က များသည်။ အသည်းခွဲသည်ကို မကြောက်သူများနှင့် အသည်းခွဲခံရသည်။ ဂရုမစိုက်သူများ အသည်းကွဲသည့်ဝေဒနာကို သိသွားကြသည်။ အရှုံးပေးသူများ ကိုယ့်အရှုံးထဲမှာ ကိုယ် နစ်မွန်းသွားကြသည်။ ရိုစီကတော့ ရယ်နေမြဲ၊ လှနေမြဲ၊ ဒေါသကြီးနေမြဲ၊ မာနထားနေမြဲ၊ အသည်းခွဲနေမြဲ၊ အချစ်ခံနေရမြဲ။

ထိုသို့ နေရသည်ကို ရိုစီ တပ်မက်သည်။ ရင်ခုန်သည်။ တစ်ခါတလေတော့ ဘယ်ယောကျ်ားလေးနဲ့မှ မတွေ့ဘဲ တစ်မြို့လုံးလျှောက်ပြီး ကားမောင်းချင် မောင်းနေတတ်သည်။ တစ်လလောက် ရည်းစားမထားဘဲ ဦးရွှေအောင်စာအုပ်တွေ ဖတ်ချင် ဖတ်နေတတ်သည်။ တစ်ယောက်တည်း ကျိုက်ထီးရိုးဘုရားတက်ချင် တက်သည်။ ကွန်ပျူတာသင်တန်း တက်ချင်

mgyoe.com

mgyoe.com

တက်သည်။ အိမ်မှာ မွေးထားသည့် တယ်လီယာခွေး လေး ကောင်နှင့် အလုပ်ရှုပ်ချင် ရှုပ်နေတတ်သည်။ နောက်တစ်ဖန် သူ့ကို ဂရုစိုက်သူတွေထဲ အသည်းခွဲဖို့ ပြန်ရောက်ချင် ရောက် လာတတ်ပြန်သည်။

မိမိခံစားချက်မှလွဲ၍ ဘာကိုမှ ဂရုမစိုက်တတ်၊ မစွဲလမ်း တတ်သော ရိုစီသည် ဘာကြောင့် စီးမရတော့သည့် ဖိနပ်ကြီး ကို အသေအချာထုတ်ကာ ပြန်ယူလာရသနည်း။

"ဒီဖိနပ်က. . .တစ်ချိန်ကျရင် တစ်ယောက်ယောက် အတွက် အသုံးဝင်လာလိမ့်မယ်။ ဒါကြောင့် ရိုစီက သိမ်းထား ချင်တာ။ ဒီနေ့မနက်တွေ့ခဲ့ရတဲ့ လူနှစ်ယောက်စလုံးက စိတ် ဝင်စားဖို့ကောင်းတယ်"

"သူတို့ကို ရိုစီက သိလို့လား"

"နှစ်ယောက်စလုံးကို အဲဒီတော့မှ တွေ့ရတာ. . .ဒါပေ မဲ့ တစ်ယောက်ကို သိတယ်. . .ဒါပေမဲ့ သူတို့နှစ်ယောက် စလုံးက ကိုယ့်ကို မသိဘူး"

ရိုစီစကားကြောင့် ပိက နားမလည်သလို နှာခေါင်း ရှုံ့ သည်။ ပြီးတော့ ဝါးလက်စ ပီကေကို ရပ်ကာ မေးခွန်းထုတ် သည်။

"အခုမှသိတာလို့လည်း ပြောသေးတယ်။ တစ်ယောက် ကို သိတယ်လည်း ပြောတယ်။ နှစ်ယောက်စလုံးက ယူ့ကိုမသိ ဘူးလည်း ပြောတယ်၊ ဘာလဲ. . .မျက်လှည့်ပြနေတာလား။

mgyoe.com

mgyoe.com

ပြီးရင် ဆေးရောင်းမလို့လား”

ရိုစီက ဖိနပ်ထုပ်ကို ပိုက်ကာ. . .ရယ်သံလွင်လွင်ကလေးများနှင့် အားရပါးရ ရယ်သည်။ မိုးကြောင့် လေးလံထိုင်းမှိုင်းနေသော နေ့လယ်ခင်းသည် ရိုစီရယ်သောအသံကြောင့် လှုပ်ရှားလာသလို ထင်ရ၏။

“ရှင်းရှင်းကလေးပဲ ပီရဲ့. . .အဲဒီနှစ်ယောက်ထဲက တစ်ယောက်ကို ကိုယ်က ဟိုးအရင်ကတည်းကသိထားလို့ပေါ့ သူက ကိုယ့်ကို မမှတ်မိတာပေါ့. . .”

“အဲဒါ ဘယ်သူလဲ”

ရိုစီက ပီကေကို ဆက်ဝါးကာ နှုတ်ခမ်းနှင့် ပူဖောင်းလုပ်ပြီး မှုတ်လိုက်သည်။ ပြီးတော့ သုံးလေးချက်ဖောက်သည်။ တဖြောင်းဖြောင်း ရွာချနေသောမိုးရေထဲမှာ ဆံပင်ကို သပ်တင်လိုက်သောအခါ. . .နှဖူးပေါ်မှာ တွေ့ရတဲ့ အမာရွတ်တစ်ခု။ သေချာပါသည်။

“လင်းခက်. . .”

ပီက လှည့်မကြည့်ဘဲ ပြုံးသည်။ ပီ၏နှာခေါင်းပိပိကလေး ပြုံးလိုက်သည့်အခါ ပိုပိသွား၏။

“ဘယ်သူက ပျော်စရာဖြစ်လာမှာလဲ”

“နှစ်ယောက်စလုံး”

ထိုစကားကို ရိုစီ လုံးဝမပြုံးဘဲ ပြောခဲ့ခြင်းသာ ဖြစ်ပါသည်။

mgyoe.com

ကြောင်နှစ်ကောင်စာပေ